# “အရေပြားလမ်းလျှောက်သူတွေ တိတ်ဆိတ်နေတယ်”

အောက်တိုဘာ(၅)ရက်၊ တင်ပြသူ-Allison, အရီဇိုးနားပြည်နယ်

Allison ဟာ Holbrook မြော်လင့်ခြင်းအသင်းတော် အိန္ဒိယနိုင်ငံကမြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ မြင်းစီးကျွမ်းကျင်မှုဆိုင်ရာနည်းပြဆရာမတစ်ဦးဖြစ်ပါတယ်။ (skinwalkers) အရေပြားလမ်းလျှောက်သူအကြောင်းကို အမှောင်ထဲကနေ မိန်းက လေး (Kai) က “အခု ရပ်လိုက်ပါ” ဆိုပြီး ပြောခဲ့ပါတယ်။

“ဘာဖြစ်လို့လဲ” ဆိုပြီး အမှောင်နဲ့အလင်းထဲကနေ ရှိုးကနဲအသံပြုပြီး Allison က ပြန်ပြောခဲ့ပါတယ်။

Kai အနေနဲ့ အမှောင်ထဲကနေရှိုးကနဲ အသံပြုတာဟာ အရေပြားလမ်းလျှောက်သူတွေကို ဖိတ်ခေါ်တာဖြစ်တယ်လို့ ရှင်းပြခဲ့ပါတယ်။ သူ့ Navajo ယဉ်ကျေးမှုမှာ၊ အရေပြားလမ်းလျှောက်သူတစ်ယောက်ဟာ တိရိစ္ဆာန်တစ်ကောင်ပိုင်ဆိုင်ဖို့ တန်ခိုးရှိတဲ့ ဆိုးတဲ့စုန်းမ ဖြစ်ပါတယ်။

Allison အနေနဲ့ အရေပြားလမ်းလျှောက်သူတွေထက် ဘုရားသခင်ဟာ ပိုပြီးတန်ခိုးရှိကြောင်းနဲ့ သခင်ဘုရားရဲ့အဖွဲ့မှာ ပါဝင်ခဲ့သော်၊ သူမအနေနဲ့ ဘာမှကြောက်စရာမရှိကြောင်း ထပ်ပြီးတော့ စိတ်ချရအောင် ပြောဆိုခဲ့ပါတယ်။

“ကျွန်မတော့ ရှိုးကနဲအသံပြုတာကို ဆက်လုပ်ရမယ်လို့ဘဲ စဉ်းစားခဲ့တယ်။ ကျွန်မအနေနဲ့အခြားအဖွဲ့မှာ မပါဝင်ပါဘူး” ဆိုပြီး သူမက ပြန်ပြောခဲ့ပါတယ်။

Allison အနေနဲ့မကြောက်လန့်ကြောင်း Kai တွေ့မြင်ခဲ့ပြီး၊ သခင်ဘုရားရဲ့အဖွဲ့မှာ သူမလည်း ပါဝင်လို့ရမယ်ဆိုတာသဘောပေါက်ပြီး၊ သူ့အနေနဲ့မကြောက်လန့်တော့ပါ. . . .

Holbrook မှာ အရေပြားလမ်းလျှောက်သူတွေကို ကြောက်လန့်တာ Kaiတစ်ယောက်တည်းမဟုတ်ပါ။

အသက် ၁၅ နှစ်အရွယ်ရှိတဲ့ Enola အနေနဲ့ သူ့မြင်းစီးကျွမ်းကျင်မှုသင်ခန်းစာတွေအတွက် သူ့မြင်းကိုအစာကျွေးဖို့နဲ့ရေတိုက်ဖို့ ကျောင်းရဲ့ ကောက်ပဲသီးနှံသိုလှောင်ရုံမှာ ညတိုင်း သူ့သူငယ်ချင်းတစ်ယောက်နဲ့အတူသွားခဲ့ပါတယ်။ သူမအနေနဲ့ ခွင့်ပြုချက်အရင်ဆုံးတောင်းဆိုခဲ့ပြီး၊ အမှောင်ကိုသူမကြောက်တာ Allison ကသိရှိပြီး၊“သင့်အလုပ်လုပ်ဖို့ ပိုပြီး အချိန်မစားတဲ့ကာလပတ်လုံးသွားလို့ရပါတယ်” ဆိုပြီး ပြောခဲ့ပါတယ်။

တစ်မနက်မှာ၊ Enola က၊ “ကျောင်းရဲ့ကောက်ပဲသီးနှံရုံမှာ လွန်ခဲ့တဲ့ညကအဖော်မပါပဲ ကျွန်မရဲ့မြင်းကို အစာကျွေးဖို့နဲ့ ရေတိုက်ဖို့ ပထမအကြိမ်ကျွန်မ သွားခဲ့ပါတယ်” ဆိုပြီး ပြောပြခဲ့ပါတယ်။

Allison အနေနဲ့ အံ့သြမဆုံးဖြစ်ခဲ့ပြီး၊ "အဖော်မပါဘူးလား" ဆိုပြီးမေးလိုက်တော့၊ "မပါပါဘူး" ဆိုပြီး Enola က ပြန်ပြောခဲ့ပါတယ်။

"အမှောင်ထဲမှာ မကြောက်ဘူးလား" ဆိုပြီး Allison က မေးလိုက်တော့၊"အမြဲ အဖော်ပါတာကောင်းမယ်လို့ ယူဆပါသလား" ဆိုပြီး Enola က ပြန်ပြောခဲ့ပါတယ်။

"ဒါဆိုရင် သင်ကြောက်သလား" ဆိုပြီး Allison ကထပ်မေးတော့၊ "ကြောက်တာပေါ့။ ဒါပေမဲ့ တစ်စုံတစ်ရာဖြစ်ပျက်မှာကို ကျွန်မတွေ့ချင်တယ်" ဆိုပြီး Enola က ပြန်ပြောခဲ့ပါတယ်။

"ဘာကို ပြောချင်တာလဲ" ဆိုပြီး Allison ကပြန်မေးတော့၊ "အမှောင်ထဲမှာ နေရတာ အရေပြားလမ်းလျှောက်သူတွေက ဖမ်းစီးနိုင်လို့ မလုံခြုံဘူး" ဆိုပြီး Enola က ပြန်ပြောခဲ့ပါတယ်။

"တစ်စုံတစ်ခုတော့ ဖြစ်ပျက်မှာပဲနော်" ဆိုပြီး Allison ကပြန်ပြောတော့၊"အရင်တုန်းက ကျွန်မကို သူတို့ဖမ်းခါနီးပဲ။ ဒါပေမဲ့ နောက်ပိုင်းမှာ ကျွန်မအလွန်မိုက်မဲကြောင်းသဘောပေါက်ခဲ့တယ်။ ဘာကြောင့် သူတို့က ကျွန်မကိုဖမ်းနိုင်ရမှာလဲ"ဆိုပြီး Enola က ပြောခဲ့ပါတယ်။

"ဆက်ပြီးတော့ ပြောပါဦး" ဆိုပြီး Allison ကပြောတော့၊"ကျောင်းဝင်းထဲမှာ ကျွန်မနေတဲ့အခါ ဘာတစ်ခုမှ ကျွန်မကိုမဖမ်းနိုင်သလိုဖြစ်ခဲ့ပါတယ်။ တကြိမ်ကြိမ်မှာ 'ဝင်ပေါက်ရဲ့အပြင်ဖက်မှာ ကျွန်မခြေထောက်တစ်ဖက်၊အတွင်းဖက်မှာတစ်ဖက် ချမယ်ဆိုရင် ကျွန်မရဲ့တစ်ဝက်ကို သူတို့ဖမ်းလို့ရမလား' လို့ ကျွန်မစဉ်းစားခဲ့ပါတယ်" ဆိုပြီး ရယ်မောရင်း Enola က ပြောခဲ့ပါတယ်။

Allison ဟာ ပြုံးရွှင်ခဲ့ပြီး၊ Enola အနေနဲ့ Arizona ပြည်နယ်က၊Holbrook ကျောင်းဝန်းထဲမှာ သခင်ဘုရားရဲ့တန်ခိုးတော်အတွက် သက်သေခံခဲ့ရလို့ ဂုဏ်ယူခဲ့မိပါတယ်။

ကျောင်းရဲ့ကောက်ပဲသီးနှံသိုလှောင်ရုံသို့ Enola တစ်ယောက်တည်း အမှောင်ထဲမှာသွားဖို့ ဆုံးဖြတ်တာဟာ သခင်ဘုရားကိုတကယ်ယုံကြည်ကိုးစားကြောင်းသက်သေပြတဲ့ အခွင့်အရေးဖြစ်ပါတယ်။ ကိုယ်တော့အဖွဲ့မှာပါဝင်ရတာ တကယ်ကောင်းပါတယ်။

အဲဒီအတွေ့အကြုံက Holbrook ဟာ အမေရိကန်နိုင်ငံမှာ တကယ့်သာသနာပြုကျောင်းတစ်ကျောင်းဖြစ်တယ်ဆိုတာ Allison အတွက်အမှတ်ရစေခဲ့ပါတယ်။

Holbrook မြော်လင့်ခြင်း အိန္ဒိယကျောင်းသို့ ကူညီထောက်ပံ့ခဲ့တဲ့ သင်တို့ရဲ့ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

၂၀၁၈ နဲ့ ၂၀၂၁ ခုနှစ်မှာ မြောက်အမေရိကဒီဗီဇံအတွက် ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေကိုကောက်ခံရရှိခဲ့ပြီး၊ သခင်ဘုရားတည်ရှိလို့ ကျောင်းသားတွေနဲ့အရေပြားလမ်းလျှောက်သူတွေကို ကြောက်စရာမလိုတဲ့ ကျောင်းဝန်းထဲက အသစ်သောကျောင်းသားအသက်တာ ဗဟိုဌာနဆောက်လုပ်ရာမှာ ကူညီထောက်ပံ့ခဲ့ပါတယ်။

---o---

# “နှုတ်ထွက်ဖို့အချိန်”

အောက်တိုဘာ(၁၂)ရက်၊ တင်ပြသူ-Pedor,အရီဇိုးနားပြည်နယ်၊

### *(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)*

အဲဒါဟာ အခက်အခဲကြုံတဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ Pedro အနေနဲ့ အရီဇိုးနားပြည်နယ်က Helbrook မြေဘ်လင့်ခြင်းအသင်းတော် အိန္ဒိယကျောင်းမှာ ကျောင်းအုပ်ကြီး အလုပ်ကနေ နှုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ကျောင်းအုပ်ကြီးအနေနဲ့ Pedro ရဲ့ လုပ်သက် ၁၂ နှစ်ဟာအစပိုင်းဖြစ်ပါတယ်။ သူ့အနေနဲ့ ခက်ခဲတဲ့ဝန်ထမ်းတွေနဲ့ စကားပြောခဲ့ပါတယ်။ ကျောင်းနှစ်ရဲ့စိန်ခေါ်မှုတွေဟာ သူ့ကိုရောင်ပြန်ဟပ်စေခဲ့ပါတယ်။ ဒီဝန်ထုပ်ကြီးကိုကျော်လွှားဖို့ ကြီးမားလွန်းသလို ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ Pedro က ကျောင်းအုပ်ကြီးအနေနဲ့ တာဝန်ထမ်းဆောင်တဲ့ပထမနေ့မှာပဲ၊ သခင်ဘုရားအပေါ် ကတိဝန်ခံခဲ့တာကို သတိရခဲ့မိပါတယ်။ သူက၊“သခင်ဘုရား ဒီအလုပ်အတွက် ကျွန်တော့်ကိုကူညီဖို့ ကိုယ်တော့မှာကြီးမားတဲ့ တာဝန်ရှိပါတယ်။ တစ်နည်းအားဖြင့် ကိုယ်တော်ပြောတဲ့အတိုင်း ကျွန်တော်လုပ်ပါမယ်” ဆိုပြီး သူကဆုတောင်းခဲ့ပါတယ်။

ခက်ခဲနေတဲ့အချိန်မှာ Pedro ဟာ သခင်ဘုရားနဲ့စကားပြန်ပြောနိုင်ခဲ့ပါတယ်။

“ကျွန်တော့်ရဲ့ကတိဝန်ခံချက်ကို ကျွန်တော်သတိရနေမိပါတယ်။ ကျွန်တော် လူလိမ်မဖြစ်ခြင်ပါဘူး။ ဒါကြောင့်မို့ ယခု နားဖို့အချိန်ဖြစ်တယ်လို့ ကိုယ်တော်ကပဲကျွန်တော့်ကိုပြောနေတာမဟုတ်လား” ဆိုပြီး သူကပြောခဲ့ပါတယ်။

သူ့ဆုတောင်းချက်ရဲ့အဖြေကို ချက်ခြင်းမရခဲ့ပါ။ ဒါကြောင့်၊ Holbrook က ကျောင်းဆရာတွေနဲ့ကျောင်းသားတွေကို အရင်ကလိုပဲ ဆက်ပြီးဦးဆောင်ခဲ့ပါတယ်။ သခင်ဘုရားရဲ့အဖြေကို စောင့်နေခဲ့ပါတယ်။

တစ်ပတ်လွန်သွားတဲ့အခါ၊ လွန်ခဲ့တဲ့နှစ်က Holbrook မှာ ပထမတန်းအောင်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ဟာ ကျောင်းပြန်တက်ချင်ကြောင်း Pedro အနေနဲ့ကြားသိခဲ့ရပါတယ်။ Raine ဟာတကယ်လှပပြီး စမတ်ကျပါတယ်။ သူ့အမေကကိုဗစ်ရောဂါကိုကြောက် ကျောင်း၂နှစ်နားခိုင်းခဲ့တာဖြစ်တယ်။ အမေရိကန်လူမျိုးတွေရဲ့ မိဘများက အဲဒီ၂နှစ်အတွင်း ကျောင်းနားခိုင်းခဲ့ကြပါတယ်။

Pedro ဟာသူမကျောင်းထွက်သွားတာကိုဝမ်းနည်းခဲ့ပြီး၊ ယခု သူမကျောင်းပြန်တက် ချင်တဲ့ဆန္ဒရှိခဲ့ပါတယ်။ သူမကျောင်းပြန်တက်ချင်ပေမယ့်၊ သူမမှာသံသယရှိနေခဲ့ပါ တယ်။ သူမပြန်လာမယ်ဆိုတာ ၂ကြိမ်ကြားခဲ့ပေမဲ့ သူမ ပြန်မလာခဲ့ပါ။

မကြာခင်မှာပဲ၊ သူနဲ့တွေ့ဆုံပြီး စကားပြောဖို့ Raine ရဲ့အမေဟာအစီအစဉ်ဆွဲခဲ့ကြောင်း၊ Pedro ကကြားခဲ့ပါတယ်။ Pedro အနေနဲ့ကျောင်းထွက်ပြီးကျောင်းပြန်လာတဲ့ ကျောင်းသူ/သားတွေနဲ့ စကားပြောခဲ့ပါတယ်။

သောကြာနေ့မနက်ပိုင်း ၁၀နာရီမှာ အမေနဲ့တွေ့ဆုံဖို့အစီအစဉ်က သူ့နှလုံးသားကိုထိတွေ့စေခဲ့ပါတယ်။ "အဲဒါဟာ တကယ့်တကယ်ဖြစ်ပျက်နေတာလား"ဆိုပြီး သူက စဉ်းစားခဲ့ပါတယ်။

သောကြာနေ့မနက်မှာ၊ Pedro က ကားရပ်ထားတဲ့နေရာမှာ ကားတစ်စီးကိုတွေ့မြင်ခဲ့ပါတယ်။ ကားထဲကနေတစ်ယောက်ယောက်ထွက်လာတဲ့အထိတိုင်ကြည့်ခဲ့ပါတယ်။ သူတို့ဟာ Raine နဲ့သူ့အမေဖြစ်ပြီး၊အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦးဖက်သို့လမ်းလျှောက်ခဲ့ကြပါတယ်။

Pedro အနေနဲ့ သူတို့ကိုနှုတ်ဆက်ဖို့အတွက် အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦးရဲ့အရှေ့တံခါးပေါက်သို့ သွားခဲ့ပါတယ်။

Raine က သူ့ကိုတွေ့မြင်ခဲ့ပြီး၊ စိတ်ထက်သန်စွာနဲ့သူ့ဘက်သို့ပြေးသွားခဲ့ပါတယ်။ အဲဒါဟာ စစ်မှန်တဲ့ချစ်ခြင်းမေတ္တာဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာပဲ သူအဖြေရတာသိလိုက်ပါတယ်။ သူ့အတွက် Holbrook ကနေထွက်သွားဖို့အချိန်မဟုတ်ပါ။ သခင်ဘုရားကအဲဒီကျောင်းမှာသူ့အတွက်အစီအစဉ်တစ်ခုရှိထားပါတယ်။

"သတိရလိုက်တာ"ဆိုပြီး "ကျွန်မလည်းသတိရတယ်"ဆိုပြီးRaine ကပြောခဲ့ပါတယ်။

"သင်နဲ့တွေ့လို့စိတ်ချမ်းသာတယ်" ဆိုပြီး Pedro ကပြောတော့၊ "ကျွန်မလည်းစိတ်ချမ်းသာတယ်" ဆိုပြီး Raine က ပြောခဲ့ပါတယ်။

သူတို့စကားပြောပြီးတဲ့နောက်မှာ၊ Raine အနေနဲ့ ကစားကွင်းထဲမှာကစားလို့ရမလားဆိုပြီးမေးခဲ့ပါတယ်။ သူမအနေနဲ့ ဒန်းတွေလျှောတွေနဲ့ အခြားကစားစရာတွေကိုသတိရခဲ့မိပါတယ်။

"ရပါတယ်။ ဒါပေမဲ့ ကျေးဇူးပြုပြီးသွားတော့မယ်ဆိုရင် ပြောနော်။ နှုတ်ဆက်စကားပြောချင်လို့ပါ" ဆိုပြီး Pedro ကပြောခဲ့ပါတယ်။

သိပ်မကြာခင်မှာပဲ၊ Raine ဟာ သူ့ရုံးခန်းမှာပြန်လာပြီးတော့၊"ကျွန်မတို့သွားတော့မယ်" ဆိုပြီး ပြောခဲ့ပါတယ်။

၁၃ ရက်နေ့၊ မွတ်ပုံတင်ရမယ့်နေ့မှာ သင့်ကိုတွေ့ဖို့မစောင့်နိုင်တော့ဘူး ဆိုပြီး Pedro ကပြောလိုက်ပါသေးတယ်။

"ဒါထက်စောအောင်လုပ်လို့ရမလား" ဆိုပြီး Raine ကပြောတော့၊"ဘာပြောတာလဲ။ ဒါထက်စောလာချင်လို့လား" ဆိုပြီး Raine ကပြန်မေးလိုက်ပါတယ်။

“ဟုတ်ကဲ့ပါ။ ဖြစ်နိုင်ရင်ကျွန်မလာချင်ပါတယ်။ ဆရာကြီးက ကျောင်းအုပ်ကြီး မဟုတ်ဘူးလား။ တခြားဘာလုပ်လို့ရလဲ”ဆိုပြီး Raine ကပြန်ပြောခဲ့ပါတယ်။

Pedro အနေနဲ့ သခင်ဘုရားအားဖြင့် ဘာမဆိုလုပ်လို့တာအမှန်ပါပဲ။

“ဖိလိပ္ပိ ၄း၁၃ - ငါ့ကိုခွန်အားနှင့်ပြည့်စုံစေသော. . . . . . . . ”

Holbrook မြေ်လင့်ခြင်းအိန္ဒိယကျောင်းသို့ ကူညီထောက်ပံ့ခဲ့တဲ့ သင်တို့ရဲ့ ၁၃ ပတ်ဥပုသ်နေ့အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

၂၀၁၈ နဲ့ ၂၀၂၁ ခုနှစ်မှာ မြောက်အမေရိကဒီဗီဇံအတွက် ၁၃ပတ် ဥပုသ်တော်နေ့အလှူငွေကောက်ခံရရှိခဲ့ပြီး၊ကျောင်းဝန်းထဲမှာ အားကစားရုံ အသစ်တစ်ဆောင်နဲ့ ရည်ရွယ်ချက်စုံတဲ့ အဆောက်အအုံအသစ်တစ်ဆောင်ဆောက်လုပ်ရာမှာ ကူညီထောက်ပံ့ခဲ့ပါတယ်။

---o---

# “နိုးထမှုအားဖြင့် အော်ခေါ်တယ်”

အောက်တိုဘာလ(၁၉)ရက်၊ တင်ပြသူ-Marisa,အရီဇိုးနားပြည်နယ်

***(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)***

“မရီးစာ” ဟာမနက်၂နာရီအချိန်မှာ အိပ်ရာကနေထခဲ့ပါတယ်။ အိပ်ရာကနေထဖို့ ဘာမှအကျိုးအကြောင်းမရှိခဲ့ပါ။ သူမအနေနဲ့ ဝါရှင်တန်မြို့တော် Spokane ရပ်ကွက်က သူ့ရဲ့တတိယထပ်တိုက်ခန်းမှာအိပ်ပျော်နေခဲ့ပါတယ်။ ရေချိုးခန်းသို့သွားရင်ကောင်းမလားဆိုပြီး ရေချိုးခန်းသို့သူမသွားခဲ့ပါတယ်။

မိနစ်အနည်းငယ်ကြာပြီးတဲ့နောက်မှာ၊ သူ့အိပ်ခန်းသို့ပြန်သွားတဲ့အခါ၊ပြတင်းပေါက်ရဲ့အပြင်ဖက်မှာ ထုံးစံအတိုင်းမဟုတ်တဲ့ အဝါရောင်မီးရောင်ကို သူမ သတိထားခဲ့မိပါတယ်။ ပြတင်းပေါက်ကနေ အပြင်ကို ကြည့်လိုက်တော့၊ သူ့အိပ်ခန်းရဲ့နံရံပေါ်မှာ အရမ်းပူတဲ့မီးတောက်တွေထိုးတက်လာတာ သူမက မြင်ခဲ့ပါတယ်။ သူ့တိုက်ခန်းအဆောက်အအုံဟာ မီးလောင်နေတာပါ။

“မရီးစာ” အနေနဲ့သူ့ခွေးနှစ်ကောင် “မက်ဂီနဲ့ဒိုင်စေ”တို့ကို၊ “မိန်းကလေးတွေလာကြ”ဆိုပြီး အမိန့်ပေးခဲ့ပါတယ်။

ခွေးတွေကလည်း အခန်းထောင့်ကနေပြေးလာကြပြီး၊ တစ်စုံတရာမှားယွင်းနေတာကိုသူတို့ သိခဲ့ကြပါတယ်။

“မရီးစာ” ရဲ့အမိန့်ကြောင့်၊ ခွေးတွေက ဧည့်ခန်းသို့ သူ့နောက်ကိုလိုက်ခဲ့ကြပါတယ်။ အရှေ့တံခါးကိုသူဖွင့်လိုက်တော့၊ အမဲရောင်မီးခိုးလုံးတွေဝင်လာပါတယ်။ အဲဒါနဲ့သူမတံခါးကို ပြန်ပိတ်ခဲ့ပါတယ်။

“ကဲ၊ မိန်းကလေးတွေလာကြ” ဆိုပြီး အမိန့်ပေးလိုက်တော့၊“မရီးစာ” နဲ့ခွေးတွေဟာ လေသာအခန်းသို့ သွားခဲ့ကြပါတယ်။

“မရီးစာ” က သုံးထပ်ကနေ့အောက်ကိုကြည့်လိုက်တော့၊လူတွေ ဟိုဟိုဒီဒီပြေးနေတာကိုတွေ့ခဲ့ပါတယ်။ တိုက်ခန်းဟာ အိုးမဲ့အိမ်မဲ့လူတွေ အိပ်ခဲ့တဲ့ပန်းခြံ တစ်ခြံရဲ့လမ်းမကြီးတစ်လျှောက်မှာတည်ရှိပါတယ်။ ယခုအချိန်မှာ အိုးမဲ့အိမ်မဲ့လူတွေက တံခါးတွေ၊ ပြတင်းပေါက်တွေကိုရိုက်ထုနေကြပြီး၊ သူတို့ရဲ့အိပ်ခန်းတွေ၊ တိုက်ခန်းတွေကနေထွက်လာကြဖို့ လှုံ့ဆော်နေခဲ့ကြပါတယ်။ တာဝန်ယူခြင်စိတ်ရှိနေတဲ့ အိုးမဲ့အိမ်မဲ့အမျိုးသားတစ်ဦးထံမှာ၊“ကူညီပါအုံး။ ကျွန်မဘယ်လိုလုပ်ရမလဲမသိဘူး။အရှေ့တံခါးကနေထွက်လို့မရဘူး” ဆိုပြီး သူမ ငိုကြွေးနေခဲ့ပါတယ်။

အဲဒီအမျိုးသားဟာ အပေါ်ကိုမော့ကြည့်ပြီး၊ အရမ်းစိတ်ပူခဲ့ပါတယ်။

“ဒါပေမယ့် ခွေး၂ကောင်ရှိတယ်နော်” ဆိုပြီး သူမကပြောတဲ့အခါ၊“သူတို့ကို

သင်ကပစ်ခဲ့ရမှာ” ဆိုပြီး အမျိုးသားက ပြန်ပြောခဲ့ပါတယ်။

“မရီးစာ” အနေနဲ့ခွေးတွေတစ်ကောင်ပြီးတစ်ကောင်ပွေ့ချီပြီး လွှတ်ချလိုက်ပါတယ်။ ပြီးတော့ လက်တန်းအပေါ်မှာ သူမတက်ပြီး၊ ဒုတိယထပ်လေသာအခန်းသို့ခုန်ချခဲ့ပါတယ်။ အဲဒီကနေမြေပြင်သို့ ထပ်ပြီးခုန်ချခဲ့ပါတယ်။

သူမဟာ ပွန်းပဲဒဏ်ရာနဲ့ခြေဆစ်ရိုးလွဲတာကို ခံစားခဲ့ရပါတယ်။ ဒါပေမဲ့ ဒီအရာတွေကို သူမအနေနဲ့ သတိမထားမိခဲ့ပါ။

“အို၊ မက်ဂီ သင်ဘယ်ရောက်နေလဲ။ ဒိုင်စေ ရောဘယ်ရောက်နေလဲ” ဆိုပြီး စိတ်ပူပြီး၊ ငိုကြွေးနေခဲ့မိပါတယ်။

အိမ်နီးချင်းတစ်ဦးက ခွေးတွေမြေပြင်ပေါ်ကိုလုံခြုံစွာဆင်းခဲ့ကြောင်း၊ ပန်းခြံဖက်သို့ပြေးသွားပြီဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။

အဲ့ဒါမှပဲ “မရီးစာ” ဟာစိတ်သက်သာမှုရခဲ့ပြီး၊ ပန်းခြံဖက်သို့သူတို့ကိုအော်ခေါ်ခဲ့ရပါတယ်။ ဒါပေမဲ့ ခွေးတွေကို မမြင်တွေ့ခဲ့ရပါ။

“မရီးစာ” ဟာ တိုက်ခန်းထဲမှာသူ့ဖုန်းကျန်ခဲ့ကြောင်းသတိရမိပါတယ်။ သူဟာသူ့အစ်ကိုဖုန်းကိုအလွတ်ရခဲ့ပါတယ်။ တစ်ခြားသူစီကဖုန်းကိုငှားပြီး သူ့အစ်ကိုကိုဖုန်းဆက်ခဲ့ပါတယ်။ ဒုတိယအကြိမ်ဖုန်းခေါ်တဲ့အခါမှ သူပြန်ပြောခဲ့ပါတယ်။ နိုးရခက်တဲ့အထိသူအိပ်ပျော်နေတာကို “မရီးစာ” အနေနဲ့ အရမ်းအံ့သြခဲ့မိပါတယ်။

“မရီးစာ” ဟာသူ့အဖြစ်အပျက်ကို သူ့အစ်ကိုအားပြောပြခဲ့ပါတယ်။“ဒီမှာ၊ ကျမခွေး၂ကောင်ရှာဖို့ နင့်အကူအညီလိုအပ်နေတယ်” ဆိုပြီး သူမကပြောခဲ့ပါတယ်။

သူ့အစ်ကိုရောက်လာပြီးတော့၊ ကားနဲ့အဲ့ဒီခွေးတွေကိုလိုက်ရှာခဲ့ပါတယ်။ အဲဒီအချိန်မှာ မီးသတ်ကားတစ်စီးရောက်လာခဲ့ပါတယ်။

“ပန်းခြံမှာပြန်သွားရင်ကောင်းမယ်ထင်တယ်”ဆိုပြီး“မရီးစာ”ကပြောခဲ့ပါတယ်။

ပန်းခြံထဲမှာ ခွေးတွေကိုအော်ခေါ်လိုက်တော့၊ “မက်ဂီ”ကပြေးလာပါတယ်။ “မရီးစာ” ဟာငိုနေရင်းနဲ့ခွေးကို ပြေးဖက်ခဲ့ပါတယ်။

နောက်တစ်ကောင်ဖြစ်တဲ့ “ဒိုင်စေ”ကိုတော့ ရှာတွေ့ဖို့၁၇နာရီကြာခဲ့ပါတယ်။ သူစိမ်းတွေက လမ်းမကြီးပေါ်လိုက်ရှာခဲ့ပါတယ်။ လူမှုမီဒီယာပေါ်မှာ ပျောက်နေတဲ့ခွေးလေးကိုတင်ခဲ့ကြပါတယ်။ တီဗီပေါ်မှာလည်း ခွေးအကြောင်းကို“မရီးစာ”နဲ့ အပြန်အလှန်ဆွေးနွေးပြီး၊ ရဲတွေက ကြော်ငြာပေါ်မှာ တင်ပေးခဲ့ကြပါတယ်။

အဲဒီညမှာ၊ “မရီးစာ” ရဲ့အစ်ကိုက ခွေးလေး ဒိုင်စေ ပြန်တွေ့ကြောင်းဖုန်းခေါ်ပြီးပြောပြခဲ့ပါတယ်။

“မရီးစာ” အတွက်အဲဒီညဟာအံ့သြဖွယ်ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ပါတယ်။ သူ့မှာရှိတာအကုန်လုံးမီးထဲပါသွားခဲ့ပါတယ်။ ဒါပေမဲ့ သခင်ဘုရားက သူ့အသက်တာနဲ့ခွေး၂ကောင်ရဲ့အသက်ကို ကယ်ဆယ်ခဲ့ပါတယ်။

ဒါပေမဲ့ ဘာဖြစ်လို့ အဲ့ဒီလိုဖြစ်ပျက်ခဲ့ရတာလဲ. . .။

"မရီးစာ" အနေနဲ့ အဲဒီအဖြေအတွက်ဆုတောင်းခဲ့သလို၊ "သင်နဲ့ငါ့ကိစ္စမပြီးပြတ်သေးဘူး" ဆိုပြီး သခင်ဘုရားကတုံ့ပြန်သလို သူမခံစားခဲ့ရပါတယ်။ အဲဒီစကားလုံးတွေဟာ ကိုယ်စိတ်နှလုံးအေးစေတဲ့အရာဖြစ်ခဲ့ပါတယ်။

"မရီးစာ" ဟာ ဆယ်ကျော်သက်နဲ့ကလေးစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဌာနမှာ အလုပ်လုပ်ခဲ့ပါတယ်။ သူမကို အမေရိကန်အစိုးရနဲ့မြော်လင့်ခြင်းအသင်းတော်မှ လူငယ်တွေရဲ့ အမှားပြင်ဆင်မှုဆိုင်ရာ အရာရှိတစ်ဦးအဖြစ် အလုပ်ခန့်ခဲ့ပါတယ်။ ဒါပေမဲ့ ကိုဗစ်ကပ်ဘေး ကျရောက်တဲ့အခါ၊ သူမ အလုပ်မရှိတော့ပါ။ ပုံမှန်အားဖြင့်၊ သူမဟာ ပျော်ရွှင်စွာနေခဲ့ရပြီး၊ မှောင်နေတဲ့ကာလကနေ ကိုယ့်ဘာသာကိုယ်လွတ်မြောက်အောင် လုပ်လို့မရနိုင်ကြောင်း သူမ တွေ့ရှိခဲ့ပါတယ်။

မီးက နက်နဲတဲ့ဝမ်းနည်းမှုကိုကျော်လွှန်ပြီးတော့၊ ကြေကွဲအောင်လုပ်ခဲ့ပါသေးတယ်။ သခင်ဘုရားကသူမနဲ့ကိစ္စမပြီးပြတ်သေးကြောင်း နားလည်သဘောပေါက်ရင်း၊ ကလေးတွေနဲ့အလုပ်လုပ်ဖို့ သူ့ရဲ့ခေါ်ဖိတ်မှုကိုသူမသတိရမိတဲ့အခါ၊ အဲဒီအလုပ်ကိုပြန်လုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

သူမအနေနဲ့ လနဲ့ချီကြာပြီးတဲ့နောက်မှာ၊ အရီဇိုးနားပြည်နယ် Holbrook မြော်လင့်ခြင်း အိန္ဒိယကျောင်းမှာမိန်းကလေးတွေကို အုပ်ချုပ်ကြီးကြပ်သူအနေနဲ့ ရွှေ့ပြောင်းခဲ့ရပါတယ်။ မိန်းကလေးဘော်ဒါဆောင်မှာ၊ ဒါဇင်နဲ့ချီတဲ့ မိန်းကလေးတွေက မက်ဂီနဲ့ ဒိုင်စေ တို့ကို ကူညီတဲ့အပြင်ချစ်ခဲ့ကြပါတယ်။

သူမအနေနဲ့ ဝမ်းသာလွန်းလို့ "ကျွန်မအနေနဲ့ တစ်ခြားဘာတစ်ခုမှလုပ်ဖို့စိတ်ကူးလို့မရဘူး" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ဒီဖြစ်ရပ်မှန်က ၂၀၁၈ နဲ့ ၂၀၂၁ ခုနှစ်မှာ ၁၃ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကို ကျောင်းသားအသက်တာဗဟိုဌာနတစ်ခု ဆောက်လုပ်ဖို့အတွက် Holbrook မြော်လင့်ခြင်းအိန္ဒိယကျောင်းရဲ့ အတွင်းပိုင်းက တကယ့်အဖြစ်အပျက်ကိုတင်ပြတာဖြစ်ပါတယ်။

မြောက်အမေရိကဒီဗီဇံမှာ ဧဝံဂေလိသတင်းစကား ပျံ့နှံ့ဖို့အတွက် ကူညီထောက်ပံ့သွားမှာဖြစ်လို့ သင်တို့ရဲ့ ၁၃ပတ် ဥပုသ်တော်နေ့အလှူငွေအတွက်အထူးကျေးဇူးတင်ပါတယ်။

---၀---

# "ဥပုသ်တော်နေ့အတွက် ရပ်တည်မှု"

အောက်တိုဘာလ(၂၆)ရက်၊ တင်ပြသူ-အဲနာ၊အရီဇိုးနားပြည်နယ်၊

"အဲနာ" ဟာ မြော်လင့်ခြင်းအသင်းသူတစ်ဦးဖြစ်မလာချင်ခဲ့ပါ။ သူမအနေနဲ့ ဖိလိပိုင်နိုင်ငံမှာ သူ့ရဲ့ကလေးဘဝက သူ့အသင်းတော်ကိုနှစ်သက်ခဲ့ပြီး၊ တနင်္ဂနွေနေ့အစား စနေနေ့မှာ သူမအနေနဲ့ ဘုရားကျောင်းမတက်ချင်ခဲ့ပါ။ သူမစာတစ်ချိန်လုံးငိုကြွေးခဲ့ပါတယ်။ ဒါပေမဲ့ သူမအနေနဲ့ သမ္မာကျမ်းစာလေ့လာရင်းနဲ့ သတ္တမနေ့အကြောင်းလက်ခံယုံကြည်ပြီးတော့၊ မြော်လင့်ခြင်းအသင်းသူတစ်ဦးဖြစ်လာခဲ့ပါတယ်။

အဲဒီနောက်၊ အလုပ်မှာပြဿနာဖြစ်ပြီးသူမအနေနဲ့ ဒေါသထွက်ခဲ့မိပါတယ်။

"အဲနာ" ဟာ အစိုးရကျောင်းတစ်ကျောင်းမှာ အထူးလိုအပ်နေတဲ့ကျောင်းသားတွေကို သင်္ချာသင်ပေးခဲ့ရပါတယ်။ သူ့ရဲ့ပထမစာသင်နှစ်ပြီးတော့၊ အထူးပညာရေးမှာမဟာဘွဲ့ရဖို့ စနေနေ့မှာ စာသင်ရမှာဖြစ်ပါတယ်။

မြို့အတွက် အစိုးရကျောင်းရဲ့အုပ်ချုပ်ရေးမှူးထံမှာ၊ "ကျွန်မ မြော်လင့်ခြင်းအသင်းသူတစ်ဦးဖြစ်လို့အဲဒီဘာသာတွေကိုသင်လို့မရပါ" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

"အဲနာ" ကခြောက်လှန့်ခဲ့ပါတယ်။ သူမဟာမိသားစုကိုရှာဖွေကျွေးမွေးသူဖြစ်ပါတယ်။ နှစ်ဝက်ကာလအတွင်းမှာ စနေနေ့တိုင်း အဲဒီဘာသာတွေကိုသင်ခဲ့ရပါတယ်။ ဒါပေမဲ့ သူ့အသိစိတ်ကသူ့ကို အနှောင့်အယှက်ပေးခဲ့လို့၊ နောက်ဆုံး အဲ့ဘာသာတွေမသင်တော့ပါ. . ။

"အဲနာ"အနေနဲ့၊ "အဲဒီဘာသာတွေကိုကျွန်မသင်လို့မရပါ" ဆိုပြီး ကြီးကြပ်အုပ်ချုပ်သူထံ ပြောပြခဲ့ပါတယ်။

ကြီးကြပ်ရေးမှူးက "အဲတာဟာ သင့်ဆုံးဖြတ်ချက်အတိုင်းပါ" ဆိုပြီး ပြန်ပြောလိုက်တော့၊ သူမက အံ့ဩခဲ့မိပါတယ်။

ပြီးတော့၊ သူ့ကိုအလုပ်ကနေ ရပ်စဲစေလို့မရကြောင်း သူမအနေနဲ့သိရှိခဲ့ပါတယ်။ သူ့အနေနဲ့ အရင်ဆုံးစနေနေ့မှာစာမသင်ရဖို့တောင်းဆိုခဲ့ပြီး၊ သူမဟာအလုပ်အတွက် အရည်အချင်းစမ်းသပ်တဲ့ကာလမှာ ရှိနေပါတယ်။ အရည်အချင်းစမ်းသပ်တဲ့ကာလ ပြီးဆုံးခဲ့ပေမယ့်၊ သူမကိုအလုပ်ကနေ ထုတ်လို့မရခဲ့ပါ။ သူမအနေ့ဘယ်တော့မှ ဥပုသ်တော်နေ့ကို ချိုးဖောက်မှာမဟုတ်ကြောင်း မိမိဘာသာကတိပေးခဲ့ပါတယ်။

"အဲနာ" အနေနဲ့ အဲဒီကျောင်းမှာကိုးနှစ်အလုပ်လုပ်ခဲ့ပါတယ်။

သူမအနေနဲ့ အမေရိကန်နိုင်ငံမှာ စာသင်ပေးတဲ့အလုပ်အတွက်၊အလုပ်ရှာပေးတဲ့ကိုယ်စားလှယ်အားဖြင့် လျှောက်တဲ့အခါ၊ ဥပုသ်နေ့စပ်သပ်မှုနဲ့ရင်ဆိုင်ခဲ့ရပြန်ပါတယ်။ ကယ်လီဖိုးနီးယား ကျောင်းတစ်ကျောင်းကသူမကို ငှားရမ်းဖို့ စိတ်ဝင်စားခဲ့ပေမဲ့၊အဲဒီ

ကျောင်းက စနေနေ့မှာ အလုပ်အတွက်လူတွေ့မေးမြန်းဖို့ လုပ်ချင်ခဲ့ပါတယ်။

“ကျွန်မဘုရားကျောင်းသွားရမှာဖြစ်လို့ သခင်ဘုရားက သူမကို အလုပ်မလုပ်စေချင်ဘူးဆိုပြီး၊ ဆုံးဖြတ်ခဲ့ပါတယ်။ သူမက၊ “ကျွန်မအလုပ်မလိုချင်တော့ပါဘူး။ သင့်နာမည်စာရင်းကနေ ကျွန်မရဲ့လျှောက်လွှာကိုဖယ်ရှားလိုက်ပါ” ဆိုပြီး ကိုယ်စားလှယ်ထံမှာ ပြောပြခဲ့ပါတယ်။

တစ်လကြာတဲ့အခါ အလုပ်ရှာပေးတဲ့အေးဂျင့်က “အဲနာ” ကိုပြန်ခေါ်ပြီး၊ အရီဇိုးနားပြည်နယ်က၊ ကျောင်းတစ်ကျောင်းကနေ သူမကိုငှားရမ်းဖို့စိတ်ဝင်စားကြောင်း ပြောပြခဲ့ပါတယ်။

“စနေနေ့မဟုတ်တဲ့တခြားနေ့မှာ လူတွေ့မေးမြန်းဖို့သင်ရှိနိုင်မလား” ဆိုပြီး “အဲနာ” ကမေးခဲ့ပါတယ်။

“တစ်ပတ်တာအတွင်း လိုချင်တဲ့နေ့တစ်နေ့မှာ လူတွေ့မေးမြန်းဖို့ ရှိနိုင်တယ်” ဆိုပြီး အေးဂျင့်က ပြောခဲ့ပါတယ်။

အဲနာ အနေနဲ့သောကြာနေ့မှာလူတွေ့မေးမြန်းမှုပြုလုပ်ခဲ့ပြီး၊ (၄)ရက်ကြာပြီးတဲ့နောက် ကျောင်းက သူမကအလုပ်ခန့်ခဲ့ပါတယ်။

“အဲနာ”အနေနဲ့ အရမ်းအံ့ဩခဲ့ပြီး၊ သခင်ဘုရားကိုချီးမွမ်းခဲ့ပါတယ်။

“အဲနာ” ကန့ုတ်ထွက်စာနဲ့လာတဲ့အခါ၊ ကြီးကြပ်ရေးမှူးကအရမ်းအံ့ဩခဲ့ပါတယ်။ ကြီးကြပ်ရေးမှူးက အမေရိကန်နိုင်ငံမှာ စာသင်ပေးဖို့အလုပ်ကိုအကြိမ်ကြိမ်လျှောက်ခဲ့ပေမဲ့တစ်ခါမှ အလုပ်မခန့်ခဲ့တာ၊ နောက်ပိုင်းမှ အဲနာအနေနဲ့ သိရှိခဲ့ပါတယ်။

“အဲနာ” ကသခင်ဘုရားရဲ့ဥပုသ်နေ့ကို ချီးမြှောက်လို့၊ကိုယ်တော်ကသူမကို ချီးမြှောက်တယ်လို့ သူမ သိရှိခံစားခဲ့ရပါတယ်။

အမေရိကန်နိုင်ငံက ဥပုသ်တော်နေ့စမ်းသပ်မှုကမပြီးဆုံးသေးပါ။ အရီဇိုးနားပြည်နယ်မှာ သူမရောက်ရှိပြီးမကြာခင်မှာပဲကျောင်းအုပ်အသစ်အနေနဲ့ “အဲနာ”အပါအဝင်ကျောင်းဆရာ၊ဆရာမအားလုံး စနေနေ့တိုင်းအထူးသင်တန်းကို တက်ရောက်ဖို့ပြောကြားခဲ့ပါတယ်။

“အဲနာ”က၊ “အိုသခင်၊ ကျွန်မကဥပုသ်စောင့်လို့ဒီမှာ ရောက်လာတာဖြစ်ပါတယ်။ ယခု ကိုယ်တော်က ကျွန်မကို ကူညီမယ်ဆိုတာ ကျွန်မသိပါတယ်” ဆိုပြီး ‘အဲနာ’ က ဆုတောင်းခဲ့ပါတယ်။

ကျောင်းအုပ်ဆရာကြီးထံမှာ သူမသွားပြီးတော့၊ “စနေနေ့မှာကျွန်မသင်တန်းတက်လို့မရဘူး။ စနေနေ့ဟာသန့်ရှင်းတယ်လို့ ကျွန်မလက်ခံထားလို့ကျမစောင့်ထိန်းရမယ်” ဆိုပြီး “အဲနာ” ကပြောခဲ့ပါတယ်။

ကျောင်းအုပ်ဆရာကြီးက၊ “စနေနေ့မှာသင်တန်းမတက်ဘူးဆိုရင်သင့်ရဲ့မနာခံမှုအတွက် ကျွန်တော်အလုပ်ကနေထုတ်မယ်”ဆိုပြီး ပြောခဲ့ပါတယ်။

"အဲနာ" အနေနဲ့ "အမေရိကားမှာ ကျမတို့က ဘာသာရေးလွတ်လပ်ခွင့်ရှိပါတယ်။ ဉပုသ်နေ့အတွက်ကျမရပ်တည်ခဲ့လို့ ကျွန်မဒီမှာရှိနေတာဖြစ်တယ်" ဆိုပြီး သူမကပြောခဲ့ပါတယ်။

ပြီးတော့မှ သူ့ရဲ့ ဖြစ်ရပ်မှန်ဝတ္ထုကို သူမကဝေငှပြီး၊ ဉပုသ်နေ့အကြောင်းလိုရင်းတိုရှင်းနဲ့ ကျောင်းအုပ်ကြီးကို ကျမ်းစာသင်ပေးခဲ့ပါတယ်။

ကျောင်းအုပ်ကြီးအနေနဲ့ စိတ်မကောင်းပေမယ့်၊ သူတို့မြို့အတွက် အစိုးရကျောင်းရဲ့ကြီးကြပ်ရေးမှူးက ခွင့်ပြုတယ်ဆိုရင် စနေနေ့သင်တန်းမတက်ရဖို့ ခွင့်ပြုရန်ကမ်းလှမ်းခဲ့ပါတယ်။

"အဲနာ" က ကြီးကြပ်ရေးမှူးနဲ့စကားပြောပြီးတော့၊ သူ့ခွင့်ပြုချက်အတွက်စာရေးပြီးလက်မှတ်ထိုးခဲ့ပါတယ်။ "တစ်နေ့နေ့မှာ သင့်အနေနဲ့ဘုရားကျောင်းသွားလို့ရပါတယ်" ဆိုပြီး သူက ပြောခဲ့ပါတယ်။

ဒါပေမဲ့၊ ၂နှစ်ကြာတဲ့အခါ၊ တစ်နာရီလောက် ကားမောင်းပြီးသွားရတဲ့နေရာမှာ Holbrookမြော်လင့်ခြင်း အိန္ဒိယကျောင်းရှိပါတယ်။ အဲ့ဒီမှာစာသင်ပေးဖို့သူမကိုဘုရားကဖိတ်ခေါ်တယ်ဆိုပြီး သူမသရှိခံစားရတဲ့အခါ၊ ကျောင်းကနေ အဲနာ ထွက်သွားတာတွေ့ရလို့ ဝမ်းနည်းခဲ့မိပါတယ်။

ယခုအချိန်မှာ၊ အဲနာ ဟာ Holbrook မှာ သင်္ချာသင်ပေးတဲ့ဆရာမတစ်ဦးဖြစ်နေပါပြီ။ သူမဟာ မြော်လင့်ခြင်းအသင်းသူဖြစ်လို့ဂုဏ်ယူဝမ်းမြောက်ပြီး၊ ကျောင်းသားတွေကို သင်္ချာနဲ့ဉပုသ်နေ့အကြောင်းသင်ပေးရလို့ သူမဝမ်းသာခဲ့မိပါတယ်။

"ဉပုသ်နေ့အတွက်ကျမရပ်တည်ခဲ့လို့၊ ဘုရားက ကျွန်မကိုကူညီခဲ့ပါတယ်"ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ဒီဖြစ်ရပ်မှန်က ၂၀၁၈ နဲ့ ၂၀၂၁ ခုနှစ်မှာ ၁၃ ပတ် ဉပုသ်နေ့အလှူငွေတစ်ချို့ကို လက်ခံရရှိခဲ့တဲ့၊ Holbrook မြော်လင့်ခြင်းအိန္ဒိယကျောင်းရဲ့ အတွင်းပိုင်းကတကယ့်အဖြစ်အပျက်ကို တင်ပြထားတာဖြစ်ပါတယ်။

ဒီကွာတာမှာ ဧဝံဂေလိသတင်းစကားပျံ့နှံ့ဖို့အတွက် ကူညီပံ့ပိုးသွားမယ့် သင်တို့ရဲ့ ၁၃ ပတ် ဉပုသ်နေ့အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

---o---

## “ပကတိ ပြည့်စုံကောင်းမွန်တဲ့ အဆောက်အအုံ”

နိုဝင်ဘာ(၂)ရက်၊ တင်ပြသူ-Page All Nations SDAChurchအရီဇိုးနားပြည်နယ်။

***(အသင်းအုပ်ဆရာ(သို့)ဆရာတစ်ဦးဦး(သို့)အသင်းလူကြီး(သို့)အသင်းထောက်ကိုတင်ပြခိုင်းရန်)***

“အဲဒီဘာသာတွေကို သင့်အနေနဲ့ မသင်ချင်ဘူးဆိုရင် အလုပ်ဆုံးရှုံးရမှာနော်” ဆိုပြီး အုပ်ချုပ်သူက ပြောခဲ့ပါတယ်။

မြော်လင့်ခြင်းအသင်းသားတွေအနေနဲ့ အမေရိကန်နိုင်ငံ၊အရီဇိုးနားပြည်နယ်က Navajo Reservation မှာ အသင်းတော်တစ်ပါးတည်ထောင်ချင်ခဲ့ကြတယ်။ ကမ္ဘာတစ်ဝှမ်းလုံးမှ အသင်းသားတွေက ၂၀၁၁ ခုနှစ်မှာ ကောက်ခံရရှိခဲ့တဲ့ ၁၃ပတ် ဥပုသ်နေ့အလှူငွေအားဖြင့်၊ အဲဒီစီမံကိန်းအတွက် ကူညီထောက်ပံ့ခဲ့ကြပါတယ်။ ဒါပေမဲ့ ကြီးမားတဲ့ပြဿနာ တစ်ခုရှိခဲ့ပါတယ်။ ဘယ်မှာအသင်းတော်တည်ထောင်ရမလဲ. . .

Navajo Reservation ရဲ့ နယ်စပ်မှာတည်ရှိတဲ့ Page မြို့ကြီးမှာ အသင်းတော်တည်ထောင်ဖို့ အသင်းသားတွေကရွေးချယ်ခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘုရားကျောင်းကိုအလွယ်တကူဆောက်လို့မရပါ။ ဩဇာရှိသူတွေက လမ်းမပေါ်တစ်နေရာထဲမှာ၊ ဘုရားကျောင်းအားလုံးရှိရမယ်လို့ စည်းကမ်းတစ်ခု သတ်မှတ်ခဲ့ပါတယ်။ အဲဒီလမ်းမကြီးကို ဘုရားကျောင်းတွေကြောင့် "Church row"ဘုရားကျောင်းတွေတန်းစီနေတဲ့ Holy Curve “သန့်ရှင်းတဲ့အကွေး” လို့ချစ်စနိုးမှည့်ခေါ်ခဲ့ကြပါတယ်။

ဒါပေမဲ့ ဘုရားကျောင်းဆောက်ဖို့အတွက် လမ်းမကြီးပေါ်မှာလွတ်တဲ့နေရာမရှိတော့ပါ။ ဒီပြဿနာကိုဖြေရှင်းဖို့ တစ်ခုတည်းသောနည်းလမ်းက၊ ပိုင်ရှင်တွေရောင်းချင်တဲ့ဘုရားကျောင်းကို ဝယ်ဖို့ပဲဖြစ်ပါတယ်။

လမ်းမကြီးပေါ်မှာ အသုံးမပြုတဲ့ဘုရားကျောင်းရှိပါတယ်။ တောင်ပိုင်းနှစ်ခြင်းအသင်းတော်က အသင်းသားတွေဟာသေဆုံးသွားကြလို့ ဘုရားကျောင်းကိုမပြုပြင်နိုင်တော့ပါ။ အသက်ကြီးတဲ့အသင်းထောက်က အသင်းတော်ရဲ့ဆုံးဖြတ်ချက်အတိုင်း သူတို့ရဲ့ဘုရားကျောင်းကိုရောင်းဖို့တာဝန်ရှိခဲ့ပါတယ်။ ပိုင်ဆိုင်မှုရဲ့တန်ဖိုးကိုဆုံးဖြတ်ဖို့ လူတစ်ဦးကိုခေါ်ခဲ့ပါတယ်။ သူက အမေရိကန်ဒေါ်လာ ၈၅၀၀၀၀ တန်ကြောင်းပြောခဲ့ပါတယ်။

မြော်လင့်ခြင်းအသင်းသားတွေမှာ US$ 850000 မရှိခဲ့ကြပါ။ ဘုရားကျောင်းအတွက်ရရှိတဲ့ ၁၃ ပတ်အလှူငွေဝေစုဟာ နဲနဲပဲရှိပါတယ်။ မြောက်အမေရိကဒီဗီဇံနဲ့ တစ်ခြားအသင်းတော်တွေက ၁၃ပတ် အလှူငွေဟာ ဘုရားကျောင်းဝယ်ဖို့ပိုက်ဆံအနေနဲ့ မလုံလောက်ခဲ့ပါ။ မြော်လင့်ခြင်းအသင်းတော်ခေါင်းဆောင်တွေက အသင်းထောက်နဲ့ စကားပြောခဲ့ပြီး၊ ဆုတောင်းခဲ့ကြပါတယ်။

အဲဒီပိုင်ဆိုင်မှုကိုစိတ်ဝင်စားတာ မြော်လင့်ခြင်းအသင်းသားတွေပဲမဟုတ်ပါ။

အဲဒီမြေဟာ မြို့ငယ်လေးတွေကိုသွားတဲ့အရေးပါတဲ့လမ်းမကြီးပေါ်မှာရှိပါတယ်။ ပြီးတော့ အစိုးရကျောင်းတစ်ကျောင်းကနေလာတဲ့လမ်းနဲ့ လမ်းမကြီးရဲ့ထောင့်မှာရှိတာပါ။ တစ်ချို့လူတွေက နာမည်ကြီးတဲ့စားသောက်ဆိုင်တစ်ဆိုင် ဖွင့်ဖို့အကောင်းဆုံးမြေဖြစ်တယ်လို့စဉ်းစားခဲ့ပါတယ်။ အသင်းထောက်နဲ့ချက်ချင်းဆက်သွယ်ခဲ့ပါတယ်။ အဲဒီမြေမှာ စားသောက်ဆိုင်ဖွင့်ဖို့ US$ နှစ်သန်းနဲ့ဝယ်ဖို့ကမ်းလှမ်းခဲ့လို့ အသင်းထောက်အနေနဲ့ ဘယ်လိုဆုံးဖြတ်ရမှန်း မသိတော့ပါ။

အသင်းထောက်အနေနဲ့ ဆုတောင်းခဲ့ပါတယ်။ သူဟာဆုတောင်းရင်းနဲ့ စားသောက်ဆိုင်ထက် ဘုရားကျောင်းသာအဓိကလိုအပ်ကြောင်း သိရှိခံစားခဲ့မိပါတယ်။ သူ့အနေနဲ့တောင်ပိုင်းနှစ်ခြင်းအသင်းညီလာခံမှာ သူတို့မြေကို US$ 250000 နဲ့မြော်လင့်ခြင်းအသင်းသားတွေစီရောင်းဖို့ အသင်းတော်ခေါင်းဆောင်တွေထံတင်ပြခဲ့ပါတယ်။ အသင်းတော်ခေါင်းဆောင်တွေလည်း သဘောတူခဲ့ကြပြီး၊မြော်လင့်ခြင်းအသင်းသားတွေထံ US$ 250000 နဲ့ ရောင်းပေးခဲ့ပါတယ်။ ၁၃ ပတ်အလှူငွေရယ် တစ်ခြားထောက်ပံ့မှုတွေနဲ့ အဲဒီမြေကို မြော်လင့်ခြင်းအသင်းသားတွေက ဝယ်နိုင်ခဲ့ပါတယ်။

Navajo Reservation နဲ့ Utah ရှိ Nevada နေထိုင်တဲ့ အမေရိကန်နိုင်ငံသားတွေထံရောက်ရှိနိုင်ဖို့ မြော်လင့်ခြင်းသာသနာလုပ်ငန်းကိုကြီးကြပ်တဲ့ Nancy Crosby က၊ "အဲဒါဟာမယုံနိုင်လောက်အောင်ပဲ၊ ဘုရားကလမ်းဖွင့်ပေးခဲ့တာ"ဆိုပြီး ပြောခဲ့ပါတယ်။

ပုံမှန်အားဖြင့် အသင်းတော်တစ်ပါးတည်ထောင်တဲ့အခါ၊ အိမ်တစ်အိမ်မှာလက်တစ်ဆုတ်စာလောက်ရှိတဲ့ လူနည်းစုနဲ့စတင်ရတာပါ။ တိုးပွားလာတဲ့အခါ ပိုကြီးကျယ်တဲ့နေရာမှာ အဲဒီအဖွဲ့ဟာရွှေ့ပြောင်းရပါတယ်။ Page မှာကျတော့ ကြီးမားတဲ့အဆောက်အအုံမှာ လူစုလူဝေးကြီးနဲ့စတင်ခဲ့ပါတယ်။

"မြင်းအရှေ့မှာ လှည်းထားသလိုပါဘဲ။ ဒါပေမဲ့ ကိုယ်တော်ဘာလုပ်နေသလဲဆိုတာ သခင်ဘုရားသိနေခဲ့ပါတယ်" ဆိုပြီး နန်စီ ကပြောခဲ့ပါတယ်။

၂၀၁၁ ခုနှစ်မှာ အရီဇိုးနားပြည်နယ်က၊Page All Nation မြော်လင့်ခြင်းအသင်းတော်တည်ထောင်ရာမှာ ကူညီထောက်ပံ့ခဲ့တဲ့သင်တို့ရဲ့ ၁၃ပတ် ဥပုသ်နေ့အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

ဧဝံဂေလိသတင်းစကားကို ဝေငှသက်သေခံတဲ့ အမေရိကန်နိုင်ငံသားတွေ၊ "နန်စီ"နဲ့ အသင်းအုပ်ဆရာဖြစ်တဲ့ သူ့ခင်ပွန်း "ဂျမ်းစ်"အပါအဝင်၊ သူတို့အားလုံးအတွက် အထူးဆုတောင်းပေးကြပါ။

## “ပွဲတော်မင်္ဂလာအတွက် စောင့်နေတယ်”

နိုဝင်ဘာလ(၉)ရက်၊ တင်ပြသူ- Katrina,အရီဇိုးနားပြည်နယ်။

***(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)***

“ကက်တရီနာ” အနေနဲ့ အရီဇိုးနားပြည်နယ်၊ Page မြို့မှာမြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းဖွင့်လှစ်တာကြားရလို့ အရမ်းဝမ်းသာခဲ့ပါတယ်။ Navajo Reservation မြို့က သူ့အိမ်နားမှာ မြော်လင့်ခြင်းအသင်းတော်မရှိလို့ ပွဲတော်မဝင်ခဲ့တာ နှစ် ၂၀ ရှိပါပြီ။

ပထမဥပုသ်နေ့မှာ၊ အသင်းအုပ်ဆရာကတရားဟောပြီးတဲ့နောက် အသက်အသက်ကြီးတဲ့အမျိုးသမီးကိုရှာခဲ့ပါတယ်။ “ပွဲတော်မင်္ဂလာမှာမပါဝင်ရတာနှစ်၂၀ရှိပြီ၊ဘယ်တော့ပွဲတော်ကျင်းပမှာလဲ” လို့ အဲ့အမျိုးသမီးက ပြန်မေးခဲ့ပါတယ်။

ပါစတာ ဂျိမ်းစ် အနေနဲ့အားကိုးရာမဲ့ဖြစ်ကာ သူ့လက်ကိုမြှောက်ပြီး၊ “လောလောဆယ်ကျွန်ုပ်တို့မှာ ပစ္စည်းကိရိယာမရှိပါ” ဆိုပြီး ပြောခဲ့ပါတယ်။

တကယ့်တကယ်ပဲ အသင်းတော်မှာဘာတစ်ခုမှမရှိပါ။ အသင်းတော်အနေနဲ့အဆောက်အဦးရှိတာတောင်မှ အုံ့သြဖွယ်ရာဖြစ်ရပ်တစ်ခုဖြစ်ခဲ့ပါတယ်။ ဂိုဏ်းဂဏတစ်ပါးပါးက Page မြို့မှာ ဘုရားကျောင်းရှိစေခြင်ငှာ၊ရှိထားပြီးသားဘုရားကျောင်းကိုဝယ်ရမှာဖြစ်ပါတယ်။

ဘုရားကျောင်းအကုန်လုံးဟာ Page မြို့ရဲ့လမ်းမကြီးပေါ်မှာတည်ရှိပြီး၊ ဘုရားကျောင်းအသစ်ဆောက်ဖို့နေရာတစ်နေရာမှမရှိပါ။ မြော်လင့်ခြင်းအသင်းတော်အနေနဲ့တခြားအသင်းတော်စီကနေ၊ ၁၃ပတ်အလှူငွေ၊ မစခြင်းအလှူငွေတွေနဲ့ဘုရားကျောင်းဝယ်လို့ရတာဖြစ်ပါတယ်။

ပါစတာဂျိမ်းစ် ရောက်လာတဲ့အခါ၊ သူ့အနေနဲ့ဘုရားကျောင်းမှာ ပြုပြင်စရာတွေ၊ ပွဲတော်မင်္ဂလာအတွက်ပစ္စည်းတွေ၊ လိုအပ်ချက်တွေအများကြီးရှိနေခဲ့ပါတယ်။

“ကက်တရီနာ” အနေနဲ့ပွဲတော်မင်္ဂလာမှာ ပါဝင်ဖို့ဆုံးဖြတ်ပြီးတော့၊“ကျွန်ုပ်တို့ဘာလိုအပ်နေသလဲ။ ကျွန်မအနေနဲ့ဘာလုပ်ရမလဲဆိုတာကြည့်မယ်” ဆိုပြီး ပြောခဲ့ပါတယ်။

ပါစတာက၊ ပွဲတော်မင်္ဂလာအတွက်အသင်းတော်မှာခြေဆေးဇလုံလိုအပ်ကြောင်း ပြောခဲ့ပါတယ်။

“ကျွန်မအနေနဲ့ လုံခြုံမှုကိုစစ်ဆေးပြီးတဲ့အခါ၊ ဈေးမှာဇလုံသွားဝယ်မယ်” လို့ “ကက်တရီနာ” ကပြောခဲ့ပါတယ်။

အဲ့ဒီနောက် သူမဟာ ဈေးသို့သွားပြီးအဖြူရောင်ဇလုံ၆လုံးကို စင်ပေါ်မှာတင်

ထားတာတွေ့လို့ အကုန်လုံးဝယ်ခဲ့ပါတယ်။

နောက်ဥပုသ်တော်နေ့မှာ ဘုရားကျောင်းသို့ ဇလုံတွေကိုသူမယူသွားပြီး၊ အသင်းအုပ်ဆရာဇနီး "နန်စီ"ထံမှာ၊ "ဒီမှာဇလုံ၆လုံးရှိတယ်။ ကျွန်မအနေနဲ့လုံခြုံမှုကို စစ်ဆေးပြီးတဲ့အခါ ဇလုံတွေထပ်ဝယ်ပေးပါမယ်" ဆိုပြီး ပေးအပ်ခဲ့ပါတယ်။

"နန်စီ" အနေနဲ့ ကျေးဇူးတင်တယ် ဆိုပြီးပြန်ပြောခဲ့ပါတယ်။

ပါစတာဂျိမ်းစ်နဲ့နန်စီ တို့ဟာ ဘုရားကျောင်းမှာ ပွဲတော်မင်္ဂလာပြုလုပ်ခဲ့ကြပါတယ်။ ဒါပေမဲ့၊ ဘုရားကျောင်းမှာအဓိကလိုအပ်နေတဲ့အရာကို ရှိတဲ့ရံပုံငွေနဲ့ချင့်ချိန်ဦးစားပေးပြီး အသုံးပြုရမှာဖြစ်ပါတယ်။

"ကက်တရီနာ" ဟာသူ့ခင်ပွန်းသည် Navajo ရဲ့ပင်စင်ထဲက ပိုက်ဆံတစ်ချို့ကိုယူပြီး ဇလုံဝယ်ခဲ့ပါတယ်။ Navajo ဟာ ဘုရားကျောင်းမတက်ပေမဲ့ ကူညီမစမှုကိုတော့ အလေးထားခဲ့ပါတယ်။

"ကက်တရီနာ" အတွက်လုံလောက်တဲ့ဇလုံဝယ်ဖို့ သုံးလကြာခဲ့ပါတယ်။

နောက်ဆုံးဇလုံတွေကို ဘုရားကျောင်းသို့ သူမယူဆောင်လာတဲ့အခါ၊ "ကျွန်မကလုံလောက်တဲ့ဇလုံဝယ်ပြီးပါပြီ။ ယခု ကျွန်မတို့ ပွဲတော်မင်္ဂလာကျင်းပလို့ရမလား" ဆိုပြီး ပါစတာထံမှာ သူမကပြောခဲ့ပါတယ်။

ပါစတာဂျိမ်းစ် က သူ့ရဲ့သဘောထားကြီးမှုကို ကျေးဇူးတင်ခဲ့ပါတယ်။

"ဒါပေမဲ့ ကျွန်ုပ်တို့မှာခြေသုတ်ဖို့မျက်နှာသုတ်ပုဝါမရှိသေးပါ" ဆိုပြီး ပါစတာကပြောခဲ့ပါတယ်။

"ကျွန်မမျက်နှာသုတ်ပုဝါလိုသလောက်ဝယ်ပေးမယ်" ဆိုပြီး ကက်တရီနာ က ပြောခဲ့ပါတယ်။

နောက်ထပ်လုံခြုံမှုကို စစ်ဆေးပြီးတဲ့အခါ၊ ပွဲတော်မင်္ဂလာအတွက် အဖြူရောင်မျက်နှာသုတ်ပုဝါ ဝယ်လိုက်ပါတယ်။

ကက်တရီနာ ဟာပါစတာထံသို့သွားပြီး၊ "ဒီမှာကျမတို့ပွဲတော်ကျင်းပလို့ရပြီ၊ မျက်နှာသုတ်ပုဝါတွေရှိတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

ပါစတာအနေနဲ့ သူ့ရဲ့သဘောထားကြီးမှုကို ထပ်ပြီးကျေးဇူးတင်ခဲ့ပါတယ်။

"ဒါပေမဲ့ ပွဲတော်အတွက်လင်ဗန်းတွေလိုသေးတယ်"လို့ပါစတာက ပြောခဲ့ပါတယ်။

"ကက်တရီနာ" အနေနဲ့ပွဲတော်လင်ဗန်းကို ဘယ်လိုရှာရမှန်းမသိခဲ့ပါ။

ဒါကြောင့်၊ သူမက "ပွဲတော်လင်ဗန်းတွေဘယ်မှာရနိုင်မလဲ။ ကျွန်မမှာပိုက်ဆံရှိသေးတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

မကြာခင်မှာပဲ၊ မြော်လင့်ခြင်းအသင်းတော်တစ်ပါးက Page All Nation မြော်လင့်ခြင်းအသင်းတော်သို့ ပွဲတော်အသုံးအဆောင်တစ်စုံနဲ့လိုအပ်တာကို လှူဒါန်းခဲ့ပါတယ်။ ပါစတာဇနီးကပွဲတော်မုန့်လုပ်ပြီး၊ "ကက်တရီနာ"နဲ့ တစ်ခြားဘုရားကျောင်းမှာ

တက်တဲ့အသင်းသားတွေက ပွဲတော်မင်္ဂလာကျင်းပခဲ့ကြပါတယ်။

ကက်တရီနာ အရမ်းကျေနပ်ခဲ့မိပါတယ်။ သူမဟာ သခင်ဘုရားကိုတကယ်ပဲ ကျေးဇူးတင်ခဲ့ပါတယ်။

"ကျွန်မအနေနဲ့ ပွဲတော်မင်္ဂလာကို သဘောကျနှစ်သက်ခဲ့ပါတယ်။ သင်ပါဝင်တဲ့အခါ၊ သင့်အနေနဲ့၊ သခင်ယေရှုကိုဘယ်လောက်ချစ်လဲဆိုတာနဲ့၊ ကိုယ်တော်ရဲ့ကူညီမစမှုကို ဘယ်လောက်ကျေးဇူးတင်သလဲဆိုတာ ကိုယ်တော်ကိုသိမြင်စေချင်တာဖြစ်တယ်" ဆိုပြီး သူမက မြေ်လင့်ခြင်းသာသနာပြုဌာနမှာ ပြောခဲ့ပါတယ်။

၂၀၁၁ ခုနှစ်မှာ အရီဇိုးနားပြည်နယ်က၊Page All Nation မြေ်လင့်ခြင်းအသင်းတော်တည်ထောင်ရာမှာ ကူညီထောက်ပံ့ခဲ့တဲ့သင်တို့ရဲ့ ၁၃ပတ် ဥပုသ်နေ့အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

မြောက်အမေရိကဒီဗီဇံမှာ ဧဝံဂေလိသတင်းစကား ပျံ့နှံ့ဖို့ ဒီ၁၃ပတ် ဥပုသ်တော်နေ့အလှူငွေကို သင်တို့အနေနဲ့ ရက်ရောစွာလှူဒါန်းဖို့ စီစဉ်နေကြတဲ့အတွက်အထူးကျေးဇူးတင်ပါတယ်။

---၀---

# "အဲဒါဟာ သခင်ယေရှုပါပဲ"

နိုဝင်ဘာလ(၁၆)ရက်၊ တင်ပြသူ-ဂျိမ်းစ်၊အရီဇိုးနားပြည်နယ်၊

***(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)***

အရီဇိုးနားပြည်နယ်၊ Navajo Reservation နားမှာတည်ရှိတဲ့ Page မြို့က၊ ပါစတာဂျိမ်းစ်ရဲ့အိမ်တံခါးကို စနေနေ့တစ်ညမှာတစ်စုံတစ်ယောက်က အသံကျယ်ကျယ်နဲ့ လာခေါက်ခဲ့ပါတယ်။

အပြင်မှာ အမေရိကန်နိုင်ငံသားတစ်ဦး မတ်တတ်ရပ်နေပြီး၊"ကျွန်တော့်သမီးဗိုက်အရမ်းနာနေတယ်၊ကူညီပါဦး" ဆိုပြီး သူက ပြောခဲ့ပါတယ်။

ဂျိမ်းစ် အနေနဲ့ကားထဲမှာ အဲဒီသမီးနဲ့အမေကိုတွေ့ခဲ့ပါတယ်။ "သူမကဆေးရုံသွားဖို့လိုအပ်ပါသလား" ဆိုပြီး သူက မေးခဲ့ပါတယ်။

"မဟုတ်ပါဘူး။ ဆုပဲတောင်းပေးလိုက်ပါ" ဆိုပြီး အဖေက ပြောခဲ့ပါတယ်။

ဂျိမ်းစ်က သူမကို သူ့အိမ်ထဲသို့ခေါ်ဖိတ်ခဲ့ပေမဲ့၊အဖေက သူ့ခေါင်းကိုလှုပ်ခါခဲ့ပါတယ်။

"ဘုရားကျောင်းထဲသို့သူမကိုခေါ်ဆောင်ချင်သလား"ဆိုပြီးဂျိမ်းစ်ကမေးခဲ့ပါတယ်။

"ဟုတ်ကဲ့။ သူမကိုခေါ်သွားကြရအောင်" ဆိုပြီးအဖေကပြောခဲ့ပါတယ်။

သူက ကားကိုဘုရားကျောင်းရဲ့အနောက်ဝင်ပေါက်တိုင်အောင်မောင်းခဲ့ပြီး၊ အမေက အရင်ထွက်လာခဲ့ပါတယ်။

"သန့်ရှင်းတဲ့ရေရှိပါသလား" ဆိုပြီး သူမက မေးခဲ့ပါတယ်။

သူတို့မိသားစုဟာ သမီးအပေါ်မှာ သန့်ရှင်းတဲ့ရေဖြန်းပေးဖို့ အခြားခရစ်ယာန်ဘုန်းတော်ကြီးက တောင်းဆိုခဲ့ကြောင်းနဲ့၊ သူကငြင်းဆိုကြောင်း အမေကပြောပြပါတယ်။

"ကျွန်တော်တို့က သန့်ရှင်းတဲ့ရေမသုံးပါဘူး။ ဒါပေမဲ့ သမ္မာကျမ်းစာအုပ်တော့ရှိပါတယ်" ဆိုပြီး ဂျိမ်းစ် ကပြောခဲ့ပါတယ်။

"သူမကနတ်ဆိုးစွဲခဲ့တယ်" ဆိုပြီး အမေက ပြောခဲ့ပါတယ်။

ခက်တော့ခက်ပြီ၊ "ဘာတွေဖြစ်နေတာလဲ" ဆိုပြီး ဂျိမ်းစ်ကစဉ်းစားခဲ့ပါတယ်။

အမေက နတ်ဆိုးစွဲတယ်လို့ပြောပေမဲ့၊ အဖေကဗိုက်အရမ်းနာကြောင်း သူမအတွက်ဆုတောင်းပေးဖို့ လိုကြောင်းပြောခဲ့ပါတယ်။

အဖေက ကားတံခါးကိုဖွင့်ပြီးသူ့သမီးကိုအပြင်ထွက်စေခဲ့တယ်။ သူမဟာကွေးပြီးသူ့ဗိုက်ကို တင်းကြပ်စွာဆုပ်ကိုင်ထားခဲ့ပါတယ်။ သူမဟာအသက်၂၀ပဲရှိပါသေးတယ်။

ဂျိမ်းစ်အနေနဲ့ နတ်ဆိုးစွဲမှုကို တစ်ခါမှမကြုံခဲ့ဖူးပါ။ "သူမသာနတ်ဆိုးတကယ်စွဲတယ်ဆိုရင် ဘုရားကျောင်းထဲမှာဝင်ချင်မှာမဟုတ်ဘူး" ဆိုပြီးသူက စဉ်းစားခဲ့ပါတယ်။

သူက အဲ့အမျိုးသမီးသူ့အဖေနောက်လိုက်ပြီး ဘုရားကျောင်းထဲဝင်မှာကိုကြည့်

နေခဲ့ပါတယ်။ အနောက်တံခါးပေါက်ကနေ လမ်းလျှောက်ရင်း သူ့ပါးစပ်ကနေအမြှုပ်တွေစထွက်လာခဲ့ပါတယ်။ ပြီးတော့ကြမ်းပြင်ပေါ် မှာတိရစ္ဆာန်တစ်ကောင်လိုဝပ်တွားပြီး ဝုတ်ဝုတ်ဝုတ် ဆိုပြီး အော်ခဲ့ပါတယ်။

သူ့အဖေဟာ သူမထက်ပိုပြီးတန်ခိုးရှိတယ်လို့တွေးတောပြီး၊"သင့်ကိုငါမကြောက်ဘူးနော်" ဆိုပြီး ပြောခဲ့ပါတယ်။

ဂျိမ်းစ် ဖက်မှာအဖေကမျက်နှာလှည့်ပြီး၊ စိတ်မရှည်နိုင်တော့လို့"ဆုတောင်းပြီးတော့နတ်ဆိုးကိုနှင်ထုတ်လိုက်ပါ" ဆိုပြီး ပြောခဲ့ပါတယ်။

အမေဟာ ကြောက်လွန်းလို့သူ့သမီးအနားကနေ နောက်ဆုတ်ခဲ့တယ်။ သူမကတုန်လှုပ်တဲ့အသံနဲ့"သခင်ယေရှုရဲ့နာမအားဖြင့်၊ နာမတော်အားဖြင့်" ဆိုပြီးပြောခဲ့ပါတယ်။

ဂျိမ်းစ်က သမ္မာကျမ်းစာအုပ်ကိုယူဖွင့်ပြီး၊ မာကုအခန်းကြီးကိုးကိုဖွင့်လိုက်ပါတယ်။ သခင်ယေရှုကယောက်ျားလေးတစ်ယောက်ထံကနေ နတ်ဆိုးနှင်နှင်ထုတ်တဲ့ဖြစ်ရပ်ဖြစ်ပါတယ်။ ယေရှုက ယောက်ျားလေးရဲ့အဖေကိုမေးသလို ဂျိမ်းစ်က၊"သူမက နတ်ဆိုးစွဲတာ ဘယ်လောက်ကြာပြီလဲ" ဆိုပြီး မေးခဲ့ပါတယ်။

အဖေဟာ အဲဒီမေးခွန်းကြောင့်စိတ်အနှောင့်အယှက်ဖြစ်ခဲ့ပါတယ်။ သူ့အနေနဲ့သူ့သမီးက နတ်ဆိုးစွဲတယ်ဆိုတာမဝန်ခံချင်ပါ။ သူ့အနေနဲ့ ဂျိမ်းစ် ဆုတောင်းပေးတာပဲလိုချင်ခဲ့ပါတယ်။

အဲဒီအတောအတွင်း အမေက၊ "သခင်ယေရှုနာမအားဖြင့်၊နာမတော်အားဖြင့်" ဆိုပြီး ထပ်ခါထပ်ခါ ပြောခဲ့ပါတယ်။

အဲ့ဒါနဲ့ သူတို့သမီးကစတိုက်ခိုက်ခဲ့ပါတယ်။ သူမက အဖေကိုအနောက်ကနေခိုင်မာစွာဖမ်းကိုင်ပြီး သူ့လည်ပင်းကိုညှစ်ခဲ့ပါတယ်။

အဖေကို မကြောက်ဘူးလားမေးတော့ အဖေက၊ "ကူညီပါဦး၊ကူညီပါဦး" ဆိုပြီးတော့ အော်ဟစ်ခဲ့ရပါတယ်။

ကြောက်လွန်းလို့ အမေက ဘုရားကျောင်းထဲကနေထွက်ပြေးခဲ့ပါတယ်။

ဂျိမ်းက သမီးနားမှာသွားပြီးတော့၊ သူ့ပုခုံးကိုညင်သာစွာကိုင်ခဲ့ပါတယ်။ချက်ခြင်းပဲသူမက အဖေကိုလွှတ်လိုက်ပြီး၊ သူထွက်ပြေးခဲ့ပါတယ်။

ဂျိမ်းစ်လည်း ဘာလုပ်ရမှန်းမသိခဲ့ပါ။ သူမကြောက်ရွံ့ပါ။ ဘုရားကသူ့ကိုဂရုစိုက်မယ်ဆိုတာ အပြည့်အဝ သူယုံကြည်စိတ်ချခဲ့ပါတယ်။

သူ့ရဲ့ထိတွေ့မှုကိုခံစားနေရင်း သမီးက အဖေဘက်ကိုမျက်နှာလှည့်ပြီး ဂျိမ်းစ်ကို စိုက်ကြည့်နေခဲ့ပါတယ်။ ပြီးတော့သူ့လက်ကိုမြှောက်ကာ၊ဂျိမ်းစ်အနေနဲ့ နံရံကိုထိတဲ့အထိနောက်ဆုတ်ခဲ့ရပါတယ်။ သူမကအနောက်ကိုလိုက်လာပြီး သူ့ရှေ့တည့်တည့်မှာမတ်တတ်ရပ်ခဲ့ပါတယ်။ ထိုးနှက်တော့မလိုပဲ လက်ကိုမြှောက်နေဆဲပါ။ ဒါပေမဲ့ သူမက

သူ့ကို မထိတွေ့ခဲ့ပါ။

ဂျိမ်းစ်က သူ့မျက်စိကိုကြည့်ပြီး၊ သူပုံမှန်ပြန်ဖြစ်ခဲ့ပြီ။ သူ့ရဲ့နတ်ဆိုးထွက်သွားသလိုပါပဲ။ ဂျိမ်းစ်အနေနဲ့ သခင်ယေရှုက သူ့အထဲကနေ နတ်ဆိုးနှင်ထုတ်ဖို့အတွက်တိတ်တိတ်ဆိတ်ဆိတ် ဆုတောင်းခဲ့ရပါတယ်။

တခဏအတွင်း၊ သူမကြမ်းပြင်ပေါ်သို့ပုံကျသွားပါတယ်။ သူမဟာ ထူးခြားတဲ့ပုဂ္ဂိုလ်ဖြစ်သွားခဲ့ပါတယ်။ ပုံမှန်အသံနဲ့စကားပြောပြီး"ကျွန်မကို ဘယ်သူက ကူညီတာလဲ" ဆိုပြီး သူမက မေးခဲ့ပါတယ်။ အဲဒီ ပုဂ္ဂိုလ်ကသခင်ယေရှုပါပဲ။ အခန်းထဲသို့အဖေပြန်လာပြီး သက်သာလာတာတွေ့ရတော့၊ "ဟိုး၊သူမဟာ ကျွန်တော့်သမီး၊ သူမဟာကျွန်တော့်သမီး" ဆိုပြီး ပြောခဲ့ပါတယ်။

အမေလည်းပြန်လာပြီး၊ ဂျိမ်းစ် ဦးဆောင်လို့မိသားစုနဲ့အတူ ဘုရားရဲ့ကျေးဇူးတော်ကိုချီးမွမ်းရင်း ဆုတောင်းခဲ့ကြပါတယ်။ သူ့အနေနဲ့သူတို့ထံမှာ သခင်ယေရှုရဲ့တန်ခိုးတော်အကြောင်းကို ပြောပြခဲ့ပါတယ်။

"ဒီအခြေအနေမျိုးမှာ ဘုရားထံဆက်ကပ်ဖို့ အင်မတန်မှအရေးကြီးပါတယ်" ဆိုပြီး သူက ပြောခဲ့ပါတယ်။

ဂျိမ်းစ် လည်းအဲဒီမိသားစုကိုဘယ်တော့မှပြန်မတွေ့တော့ပါ။ အဲဒီညမှာ ခရစ်တော်နဲ့စာတန်ရဲ့တိုက်လှန်ပွဲက Navajo Reservation မှာ တကယ်ဖြစ်ပျက်ခဲ့တယ်ဆိုတာ သူက နားလည်သဘောပေါက်ခဲ့ပါတယ်။

Navajo လူတွေအတွက်ဆုတောင်းပေးကြပါ။ James Crosby နဲ့သူ့မိသားစုရဲ့ သာသနာလုပ်ငန်းအတွက်လည်း ဆုတောင်းပေးကြပါ။

၂၀၁၁ ခုနှစ်မှာ၊ ဒီဖြစ်ရပ်ဖြစ်ပျက်ခဲ့တဲ့နေရာဖြစ်တဲ့ အရီဇိုးနားပြည်နယ်၊ Page All Nation မြော်လင့်ခြင်းအသင်းတော်ကိုတည်ထောင်ရာမှာ ကူညီထောက်ပံ့ခဲ့တဲ့သင်တို့ရဲ့ ၁၃ ပတ်အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

---o---

## "နတ်ဆိုးတစ်ယောက်က တွေ့ဆုံတိုက်ခိုက်တယ်"

နိုဝင်ဘာလ(၂၃)ရက်၊ တင်ပြသူ-Adiv အရီဇိုးနားပြည်နယ်၊

*(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)*

အသက်(၁၅)နှစ်သာရှိသေးတဲ့ ကိုယ်ဝန်ဆောင်နေတဲ့ သူ့သမီး လူစာ ကိုအဖေ ကပြစ်တင်ရှုံ့ချလို့ သူတို့မိသားစုအပေါ် မှာထူးခြားတဲ့လေးလံမှုဟာအသားကျနေခဲ့တယ်။

"ကလေးကို သင်ကအနာဂတရဖြစ်စေမှာနော်" ဆိုပြီး သူက ပြောခဲ့ပါတယ်။

ဆေးဖက်ဝင်အရွက်တွေနဲ့ဆေးလိပ်သောက်နေတဲ့ လူစာ ဟာ အရီဇိုးနားပြည် နယ်က သူတို့အိမ်ရဲ့ ညှော်ခန်းမှာ သူ့အဖေကို ကလန်ကဆန်လုပ်ပြီးတုံ့ပြန်ခဲ့ပါတယ်။

ညှော်ခန်းကအဖြစ်အပျက်ကိုစောင့်ကြည့်သူဟာ ကလေးတွေရဲ့အိမ်မှာအလုပ် လုပ်နေတဲ့ မီချီဂန်ပြည်နယ်သားတစ်ယောက်ဖြစ်တဲ့၊ "အေဒစ်" ဖြစ်တယ်။ သူ့အနေနဲ့ "လူစာ"တို့ရဲ့ အိမ်မှာလာလည်တာဖြစ်ပါတယ်။

ရုတ်ခနဲ၊ လူစာနဲ့သူ့မိဘတွေဟာ အိပ်ခန်းတစ်ခန်းထဲမှာ တံခါးပိတ်နေခဲ့ကြ ပါတယ်။

ညှော်ခန်းမှာ၊ "အေဒစ်"က ထူးခြားတွေခံစားသိရှိခဲ့ရပါတယ်။ အိပ်ခန်းထဲမှာဖြစ် နေတဲ့အရာတွေကို အသေအချာမသိပေမယ့် ဆုတောင်းပေးဖို့အချိန်ဖြစ်တယ်လို့ သူ ဆုံးဖြတ်ခဲ့ပါတယ်။

သူဆုတောင်းတဲ့အချိန်မှာပဲ၊အသံကျယ်ကျယ်နဲ့ကျိန်ဆဲသံကိုကြားလိုက်ရတယ်။

ပြီးတော့ အမေထွက်လာပြီး၊ "မိန်းကလေးကနတ်ဆိုးစွဲနေတယ်။ သင်ဆုတောင်းပေးဖို့လိုတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

"အေဒစ်" အနေနဲ့စိတ်ပါလက်ပါဆုတောင်းခဲ့ပါတယ်။ သူကညဏ်ပညာကို ဘုရားထံမှာတောင်းဆိုခဲ့ပါတယ်။ သူ့ရဲ့ကျမ်းစာအုပ်ကိုကိုင်ပြီး ကျွန်တော့အပြစ်အားလုံး ကိုအသေအချာပျောက်ကွယ်စေတော်မူပါ" ဆိုပြီး သူဆုတောင်းခဲ့ပါတယ်။

သူ့ဆုတောင်းချက်ကို မိန်းကလေးနဲ့သူ့မိဘထံ လှည့်သွားခဲ့ပါတယ်။

ရုတ်တရက်ထအော်သံကို တံခါးနောက်ကွယ်ကနေ "အေဒစ်"ကြားခဲ့ပါတယ်။

အဖေ ထွက်လာခဲ့ပြီး၊ "ကျွန်တော့်ကိုခေါ်သလား" ဆိုပြီး ပြောခဲ့ပါတယ်။

"မခေါ်ဘူး၊ ကျွန်တော်တစ်ခါမှမခေါ်ဘူး" ဆိုပြီး အဖေက ပြောခဲ့ပါတယ်။

"ဟုတ်ပြီ၊ အခန်းထဲကိုလာချင်သလား" ဆိုပြီး အဖေက ပြောခဲ့ပါတယ်။

အေဒစ် က အိပ်ခန်းထဲမသွားချင်ပေမဲ့၊ "ရပါတယ်"ဆိုပြီး ပြောခဲ့ပါတယ်။

အခန်းထဲမှာ၊ လူစာ ဟာ နံရံနားမှာပက်လက်လှန်ပြီး အော်နေခဲ့ပါတယ်။

အဖေနဲ့အမေဟာ မိန်းကလေးအနားမှာ မတ်တတ်ရပ်နေခဲ့ပါတယ်။

အေဒစ် ဟာ လိုအပ်ရင်ထွက်ပြေးလို့ရအောင် တံခါးနဲ့အနီးဆုံး နေရာမှာကျမ်းစာအုပ်ကိုကိုင်ပြီး ဒူးထောက်ခဲ့ပါတယ်။

အဖေနဲ့အမေက ကလေးသီချင်းဖြစ်တဲ့၊ Jesus Loves Me ကို စပြီးဆိုခဲ့ပါတယ်။ တံခါးနားကနေ အေဒစ် လည်းပါဝင်သီဆိုခဲ့ပါတယ်။

ကလေးတွေအတွက် ယေရှုမေတ္တာအကြောင်းကို စပြီးသီဆိုချိန်မှာပဲ၊ လူစာဟာ အော်ဟစ်မနေပဲ ငိုကြွေးခဲ့ပါတယ်။

"အဖေရယ် ကူညီပါအုံး" ဆိုပြီး သူမက ပြောလိုက်တဲ့အခါ၊အဖေက၊"ကျွန်တော်ကူညီလို့မရဘူး။ သခင်ယေရှုကိုခေါ်ဖို့ပဲလိုအပ်တယ်"ဆိုပြီး အဖေက ပြောခဲ့ပါတယ်။

ပြီးတော့၊ လူစာက ရုတ်တရက်ထအော်ပြီး၊ "သူမဟာ သင့်သမီးမဟုတ်တော့ဘူး" ဆိုပြီး သူ့ပါးစပ်ကနေတိုးတိုးလေးပြောလိုက်ပါတယ်။

အေဒစ် အနေနဲ့ သူ့လက်ထဲကကျမ်းစာအုပ်ကိုကြည့်ရှုလိုက်ပါတယ်။ ဘာဆက်လုပ်ရမလဲဆိုတာ သူမသိခဲ့ပေမဲ့၊ ဘုရားရဲ့နှုတ်ကပတ်တော်မှာတန်ခိုးရှိတယ်ဆိုတာ သူသိရှိနေခဲ့ပါတယ်။ ဆာလံကျမ်းကိုသူဖွင့်ပြီးတော့၊ အသံကျယ်ကျယ်နဲ့စဖတ်ခဲ့ပါတယ်။

ပြီးတော့ သူက မိန်းကလေးကိုကြည့်လိုက်ပါတယ်။ မိန်းကလေးကမအော်တော့ပဲ၊ ကြမ်းပြင်ပေါ်မှာ အေဒစ် ဘက်သို့လှည့်ပြီးတွားသွားခဲ့ပါတယ်။ အေဒစ်ဟာယုံကြည်မှုအတွက် ဆုတောင်းခဲ့ပြီး၊ ဆာလံကျမ်းကိုဆက်ဖတ်ခဲ့ပါတယ်။

လူစာ ဟာ သူ့ထံရောက်လာတဲ့အခါ၊ သူ့လက်တစ်ဖက်ကိုမြှောက်ပြီး၊ကြမ်းပြင်ပေါ်သို့သမ္မာကျမ်းစာအုပ်ကို ချလိုက်ပါတယ်။

"ဒီစာအုပ်ကို ကျမအရမ်းမုန်းတယ်၊ အရမ်းမုန်းတီးတယ်"ဆိုပြီး သူမက ဟိန်းဟောက်ခဲ့ပါတယ်။

အေဒစ် အနေနဲ့ကျမ်းစာအုပ်ကို ကောက်ယူပြီး၊ဆာလံကျမ်းကိုဆက်ဖတ်ခဲ့ပါတယ်။

လူစာဟာ နောက်ထပ်၂ကြိမ်ကျမ်းစာအုပ်ကိုကြမ်းပြင်ပေါ်သို့ထုချလိုက်ပါတယ်။

ခရစ်တော်နဲ့စာတန်ကြား ရုန်းကန်မှုဟာ နောက်ထပ်မိနစ် ၉၀ ကြာခဲ့ပါတယ်။ အိမ်မှာဘာမှ လေးလံမှုမရှိတော့တဲ့အခါ၊ လူစာ အနေနဲ့မိဘတွေကသီချင်းဆိုပြီးဆုတောင်းကြတဲ့အပြင် ဆာလံကျမ်းကိုဖတ်ရှုခဲ့ကြပါတယ်။ ပြီးတော့ နတ်ဆိုးက သူ့အထဲကနေအပြီးတိုင် ထွက်သွားခဲ့ပါတယ်။

အေဒစ် အနေနဲ့ မိနစ်၉၀ တိုင်ဒူးထောက်ဖို့ခက်ခဲပေမဲ့၊ သူမတ်တတ်ထလိုက်တဲ့အခါ၊ အားသစ်တိုးလာသလိုခံစားခဲ့ရပါတယ်။ လူစာကတော့ ခြေကုန်လက်ပန်းကျပြီး၊ အားနည်းနေတဲ့အတွက် စကားနည်းနည်းဘဲပြောနိုင်ခဲ့ပါတယ်။

အေဒစ် အနေနဲ့ အဲဒီနေ့မှာ ဘုရားနဲ့စာတန်ကြားကတိုက်လှန်ပွဲဟာ တကယ့်အဖြစ်မှန်ဆိုတာ သိရှိခဲ့ရပါတယ်။

(ဧဖက် ၆း၁၂- အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ကြသည်မဟုတ်။. . . . . . . . . . . . . . . . . )

လူစာဟာ အလက်စကားပြည်နယ်သားတွေနဲ့ မြော်လင့်ခြင်းအသင်းသားတစ်ချို့ကိုထောင်ထဲမှာမသိခဲ့ပါ။ ကလေးတွေရဲ့အိမ်နဲ့မြော်လင့်ခြင်းနွေရာသီတောစခန်းတွေမှာ အလုပ်လုပ်တဲ့ အေဒစ်အနေနဲ့ အဲဒီမတိုင်ခင်မှာ၊ နတ်ဆိုးတိုက်ခိုက်မှုရှိတဲ့ အလက်စကားပြည်နယ်သားတွေနဲ့ မတွေ့ဆုံခဲ့ပါ။ နစ်ဆိုးစွဲတဲ့သူတစ်ဦးကိုမှမသိခဲ့ပါ။

အေဒစ် ဟာအလက်စကားပြည်နယ်တလျှောက်မှာ၊ ဧဝံဂေလိသတင်းစကားအတွက် စိတ်နှလုံးအကြွင်းမဲ့ ဆုတောင်းခဲ့ပါတယ်။

"ကျွန်တော့်အနေနဲ့ ဒီမှာ တချိန်လုံးနေချင်ခဲ့ပါတယ်။ လိုအပ်တာလုပ်ဖို့အလုပ်တစ် ခုရှိနေပါတယ်။ လူတွေ သခင်ခရစ်တော်ကိုသိဖို့လိုနေပြီ" ဆိုတာ သူကပြောခဲ့ပါတယ်။

ဒေသခံ ၂၀၀ ထက်များပြီး၊ မြော်လင့်ခြင်းအသင်းသား ၁၀ ဦးပဲရှိတဲ့အလက်စကားပြည်နယ်မှာ ဧဝံဂေလိသတင်းစကားကိုဝေငှဖို့ အင်မတန်မှကြီးမားတဲ့အလုပ်တစ်ခုကျန်ပါသေးတယ်။

ဒီ ၁၃ ပတ်ရဲ့အလှူငွေတစ်ချို့အားဖြင့်၊အလက်စကားပြည်နယ် Bethel မြို့မှာ သခင်ယေရှုရဲ့ချစ်ခြင်းမေတ္တာကိုဝေငှဖို့အတွက် ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

ဒီဇင်ဘာလ ၂၈ ရက်နေ့ ဥပုသ်နေ့မှာ၊ ရက်ရောစွာနဲ့လှူဒါန်းဖို့ စီစဉ်နေကြတဲ့သင်တို့ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

---o---

## "ဘာကြောင့်လဲ ဆိုပြီး မေးနေခဲ့တဲ့ယောကျ်ားလေး"

နိုဝင်ဘာလ(၃၀)ရက်၊ တင်ပြသူ-Adiv အလက်စကားပြည်နယ်။

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

ဂျိမ်းစ် ဟာ 'ဘာကြောင့်လဲ' ဆိုပြီး မေးနေတဲ့ယောကျ်ားလေးတစ်ယောက် ဖြစ်ပါတယ်။

နွေရာသီတောစခန်းမှာ သူ့ကိုတစ်စုံတစ်ခု လုပ်ခိုင်းတဲ့အခါ၊"ဘာကြောင့်ကျွန်တော် ဒီအရာကိုလုပ်ရမှာလဲ"၊'ဘာကြောင့်ကျွန်တော်ဟိုအရာလုပ်ရမှာလဲ' ဆိုပြီး မေးခဲ့ပါတယ်။

ဂျိမ်းစ ဟာမိဘမဲ့ကလေးတစ်ယောက်ဖြစ်ပါတယ်။ သူ့မိဘတွေသေဆုံးသွားပြီး အလက်စကားပြည်နယ်က ရွာတစ်ရွာမှာဆွေမျိုးတွေနဲ့ နေထိုင်ခဲ့ပါတယ်။ အဲ့ဆွေမျိုးတွေက နွေရာသီတောစခန်းမှာ သူ့ကိုပို့ခဲ့ကြပါတယ်။ ဂျိမ်းစ် ဟာ လေယာဉ်ပျံနဲ့ Dillingham သို့သွားရမှာဖြစ်ပါတယ်။ အလက်စကားပြည်နယ်က လမ်းအများကြီးမရှိလို့ တစ်နေရာကနေတစ်နေရာခရီးသွားတဲ့အခါ လူတွေက လေယာဉ်ပျံနဲ့သွားရပါတယ်။

Dillingham ကို ရောက်ပြီးတဲ့နောက်၊ ဂျိမ်းစ်ဟာ ရေအိုင်တစ်အိုင်အထိနာရီဝက်လောက် ဘတ်စ်ကားနဲ့ စီးခဲ့ရပါတယ်။ ပြီးတော့ စက်လှေနဲ့ Alaska ပြည်နယ်သားလေးတွေအတွက် ပြုလုပ်ပေးတဲ့ နွေရာသီစခန်းသို့နောက်၁၅မိနစ်ထပ်သွားခဲ့ရပါတယ်။

ဂျိမ်းစ်အနေနဲ့ ချက်ချင်းပဲ အဲဒီစခန်းကိုနှစ်သက်ခဲ့တယ်။ ရေအိုင်ပေါ်မှာကစားရတာအရမ်းပျော်ခဲ့ပါတယ်။ ရေအိုင်ပေါ်မှာစက်လှေနဲ့အနောက်ကနေဆွဲယူလို့ရတဲ့အပြင်၊ လေဖြည့်တင်းလို့ရတဲ့ လိမ္မော်ရောင်နဲ့အပြာရောင်ဖောင်ပေါ်ကနေ ခုန်ဆွခုန်ဆွလုပ်ရင်း သူဟာ ပြုံးပျော်ခဲ့ပါတယ်။ ရေထဲသို့မကျအောင် အတတ်နိုင်ဆုံးသူက ကြိုးစားခဲ့ပါတယ်။ အဲ့ဒီအချိန်ဟာနွေရာသီဖြစ်ပေမဲ့၊ ရေဟာအေးစက်နေပါတယ်။

ဂျိမ်းစ်ရဲ့ပျော်ရွှင်မှုဟာ ညနေဝတ်ပြုမှုမှာ မှုန်ကုတ်သွားခဲ့ပါတယ်။ဆုတောင်းဖို့အချိန်တန်တဲ့အခါ၊ ကလေးတွေအားလုံးမတ်တတ်ရပ်ခဲ့ရပါတယ်။ တဲထဲမှာသူနဲ့အတူအိပ်တဲ့ယောကျ်ားလေး ၇ ယောက်ဟာ မတ်တတ်ရပ်နေခဲ့ကြပါတယ်။ စခန်းရဲ့အကြံပေးသူ အေဒစ် ကလည်းမတ်တတ်ရပ်ခဲ့ပါတယ်။ ဂျိမ်းစ်ကတော့ ထိုင်နေဆဲပါ. . ။

အေဒစ် အနေနဲ့ ဂျိမ်းစ်ကို'မင်း မတ်တတ်ရပ်ရမှာ' ဆိုပြီးတိုးတိုးလေးပြောခဲ့ပါတယ်။ စခန်းရဲ့ စည်းကမ်းချက်က ဘုရားအပေါ် ရိုသေလေးစားမှုပြဖို့အတွက် ဆုတောင်းနေတဲ့အချိန်မှာ လူတိုင်းမတ်တတ်ရပ်ရမှာဖြစ်ပါတယ်။

ဂျိမ်းစ်ကလည်း တိတ်ဆိတ်စွာ မတ်တတ်ရပ်ခဲ့ပါတယ်။ ဒါပေမဲ့သူဟာ မျက်မှောင်ကုတ်နေခဲ့ပါတယ်။

နောက်တစ်နေ့ မနက်ဆုတောင်းတဲ့အချိန် ဂျိမ်းစ် အနေနဲ့ ထိုင်နေပြန်ပါတယ်။ ပြီးတော့ ဆုတောင်းနေတဲ့အချိန်မှာပဲ သူ့ဘေးကယောက်ျားလေးကို စကားပြောခဲ့ပါတယ်။ အေဒစ် အနေနဲ့အချိန်တိုင်းမှာ သူ့ကိုစကားပြောခဲ့ပေမဲ့၊သူက နားမထောင်ခဲ့ပါ။

တတိယနေ့မှာ၊ ဂျိမ်းစ် ဆုတောင်းတဲ့အချိန်၊ ထိုင်နေပြန်လို့ အေဒစ်က တဲ့ရဲ့ အပြင်မှာခေါ်ဖိတ်ခဲ့ပါတယ်။

အေဒစ် အနေနဲ့ 'သင်လုပ်ရမဲ့အရာက ဘုရားအပေါ်လေးစားမှုပြဖို့အတွက် သင်မတ်တတ်ရပ်ရမှာဖြစ်ပြီး၊ဆုတောင်းချိန်မှာစကားမပြောရဘူး။ ဘာကြောင့် သင်မတ်တတ်မရပ်ရတာလဲ' ဆိုပြီး ဂျိမ်းစ်က ပြောခဲ့ပါတယ်။

အေဒစ်က ဂျိမ်းစ်ကို သခင်ဘုရားအကြောင်းသင်ပေးဖို့ အခွင့်ရခဲ့ပါတယ်။ စခန်းမှာ ခဏခဏ လေအကြောင်းကိုရှင်းပြခဲ့ရပါတယ်။

"သင်ကလေကို မမြင်ပေမဲ့၊ သင့်အရေပြားပေါ်မှာ ခံစားလို့ရပြီး၊သစ်ရွက်ခြောက်တွေလေတိုးတာကို သင်တွေ့လို့ရတယ်။ အဲဒီလိုပဲ ဘုရားကိုကျွန်တော်တို့မမြင်ရပေမယ့်၊ ကျွန်တော်အနားမှာ ကိုယ်တော်ရှိနေကြောင်းကိုကျွန်တော် သိရှိခံစားလို့ရတယ်" ဆိုပြီး သူက ရှင်းပြခဲ့ပါတယ်။

အေဒစ် အနေနဲ့ ညက ကြယ်တွေအကြောင်းကိုလည်း ပြောပြခဲ့ပါတယ်။

"ညက ကောင်းကင်မှာ တိမ်တွေရှိတဲ့အခါ ကျွန်ုပ်တို့ကကြယ်တွေကို မြင်လို့မရပါ။ ဒါပေမဲ့ ကြယ်တွေရှိနေတယ်ဆိုတာ သင်သိပါတယ်။ အဲဒီလိုပဲ ဘုရားကိုကျွန်တော်တို့မြင်လို့မရပေမဲ့၊ ကျွန်တော့်အနားမှာ ကိုယ်တော်တည်ရှိမှုကို ကျွန်တော်ခံစားလို့ရတယ်" ဆိုပြီး သူက ဆက်ပြီး ရှင်းပြခဲ့ပါတယ်။

ဂျိမ်းစ် လည်း မျက်ရည်တွေကျလာခဲ့ပါတယ်။

"ကျွန်တော်ဘယ်လိုလုပ်ရမလဲ။ သခင်ဘုရားရှိတယ်ဆိုရင် ဆိုးတဲ့အရာတွေ ဘာကြောင့်ဖြစ်ရတာလဲ။ ကျွန်တော့အမေဆုံးတဲ့အချိန်မှာ ဘုရားကဘယ်မှာလဲ။ အဖေဆုံးတဲ့အချိန်လဲ ဘုရားဘယ်မှာလည်း" ဆိုပြီး သူကလွှတ်ခနဲ ပြောလိုက်ပါတယ်။

အေဒစ် အနေနဲ့ "သေခြင်းဟာဘုရားရဲ့အစီအစဉ်မဟုတ်ပါ။ အရင်ဆုံးလူသားဖြစ်တဲ့ အာဒံနဲ့ဧဝတို့က ဘုရားကိုဆန့်ကျင်ပြီးအပြစ်လုပ်တဲ့အခါ၊ အကျိုးဆက်က သေဆုံးမှုဘဲဖြစ်ပါတယ်။ ဒါကြောင့် ဘုရားက၊ သားတော်ယေရှုကို လူတိုင်းအတွက်အသေခံဖို့ စွန့်လွှတ်ခဲ့ရပါတယ်။ ယေရှုကိုယုံကြည်တဲ့လူတိုင်းဟာ သေခြင်းနာခြင်းမရှိတဲ့ ကမ္ဘာသစ်မှာ သူနဲ့အတူနေထိုင်ရမှာဖြစ်တယ်။ သင်က ဘုရားကိုမမြင်ရပေမဲ့၊သူဟာ တည်ရှိနေပါသေးတယ်" ဆိုပြီး ရှင်းပြခဲ့ပါတယ်။

ဂျိမ်းစ်အနေနဲ့ တည်ငြိမ်စွာနားထောင်ပြီး၊ "အထက်ကောင်းကင်မှာ ဘုရားတကယ်ရှိပါ့မလား" ဆိုပြီး တွေးတောစဉ်းစားခဲ့မိပါတယ်။

အဲဒီနောက်မှာ၊ ဂျိမ်းစ်အနေနဲ့ ဆုတောင်းတဲ့အချိန်တိုင်း မတ်တတ်ရပ်ပြီးတိတ်

ဆိတ်စွာနေခဲ့ပါတယ်။ သူစဉ်းစားထားတာတစ်ခါမှမပြောခဲ့ပေမဲ့၊ အဒေစ်အနေနဲ့တော့ သခင်ဘုရားအကြောင်းကို စဉ်းစားနေမယ်လို့ မျှော်လင့်ခဲ့ပါတယ်။

Alaska ပြည်နယ် Dillingham မြို့ကြီးက အိုက်စ်အိုင်ပေါ်မှာတည်ရှိတဲ့ 'ပိုလာရစ်စ်' စခန်းဟာ Alaska ပြည်နယ်သားကလေးတွေအတွက် လိုချင်တာကိုဖြည့်တင်းပေးတဲ့ မြော်လင့်ခြင်းအသင်းတော်ရဲ့ တစ်ခုတည်းသောနွေရာသီတောစခန်းဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်မှာ၊ ၁၃ ပတ် အလှူငွေတစ်ချို့နဲ့ အဲဒီတောစခန်းအတွက် တဲအသစ်တွေရေချိုးခန်းတွေကို ပြန်လည်ပြုပြင်ရာမှာ ကူညီထောက်ပံ့ခဲ့ပါတယ်။

ဒီကွာတာ ၁၃ ပတ် ဥပုသ်နေ့အလှူငွေအားဖြင့် Alaska ပြည်နယ်၊ Bethel မြို့မှာ သခင်ယေရှုရဲ့ ချစ်ခြင်းမေတ္တာကို ဝေငှဖို့ ကူညီထောက်ပံ့သွားမှာဖြစ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။

---၀---

# “ဘာကြောင့် ကာလက် ပြုံးရွှင်နေရတာလဲ”

ဒီဇင်ဘာလ(၇)ရက်၊ တင်ပြသူ- Caleb, Alaska ပြည်နယ်

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

‘ကာလက်’ အနေနဲ့ အလက်စကားပြည်နယ်၊Polaris တောစခန်းကသူ့တဲထဲမှာ ဝတ်ပြုမှုကိုဦးဆောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒါဟာ တောစခန်းရဲ့ ဒုတိယနေ့ဖြစ်ပြီးတော့၊ တောစခန်းအကြံပေးသူတစ်ဦးအနေနဲ့ ယောကျ်ားလေး(၆)ဦးကို စောင့်ကြည့်ရာမှာ တစ်နေကုန် လှုပ်ရှားရလို့ အရမ်းမောပမ်းနွမ်းနယ်ခဲ့ပါတယ်။

‘ကာလက်’ အနေနဲ့၊ဝတ်ပြုမှုမစခင်လေးမှာ ယောကျ်ားလေးတစ်ယောက်ဆေးရွက်ကြီးငုံပြီး အိပ်ပျော်နေခဲ့ပါတယ်။ Alaska ပြည်နယ်သားတစ်ချို့က မြော်လင့်ခြင်းအသင်းတော်ရဲ့နွေရာသီတောစခန်းမှာ ဆေးရွက်ကြီးငုံတာစွဲနေခဲ့ကြပြီး၊ တောစခန်းရဲ့ရက်အနည်းငယ်အတွင်းမှာပဲ နီကိုတင်းခာတ်ဖြတ်ဖို့အတွက် ဒုက္ခရောက်ခဲ့ကြပါတယ်။

အဲဒီယောကျ်ားလေးအိပ်ပျော်နေချိန်မှာပဲ၊ တဲရဲ့မီးဖို ပေါ်မှာမီးမွှေးခဲ့ပါတယ်။ နွေရာသီအချိန်ဖြစ်ပေမယ့် ညဘက်မှာအရမ်းအေးစက်နေခဲ့ပါတယ်။

အခြားယောကျ်ားလေးငါးယောက်ကတော့ရယ်မောပြီး မအိပ်ကြသေးပါ။ ယောကျ်ားလေးတစ်ယောက်က “ငါတို့မီးနားမှာလာလို့ရမလား” ဆိုပြီး သူကမေးခဲ့ပါတယ်။

‘ကာလက်’ အနေနဲ့ဝတ်ပြုရန်ယောကျ်ားလေးတွေ ခေါ်ဖိတ်ခဲ့ပါတယ်။ သူကမေးခွန်းတစ်ခုနဲ့ ဝတ်ပြုမှုကိုစတင်ခဲ့ပါတယ်။

“သင့်အတွက် သခင်ဘုရားဟာ ဘယ်သူလဲ” ဆိုပြီး သူက မေးခဲ့ပါတယ်။

“ကိုယ်တော်ဟာ ကယ်တင်ရှင်ဖြစ်ပါတယ်” ဆိုပြီးတစ်ယောက်ကပြောခဲ့တယ်။

“ကိုယ်တော်ဟာ ကောင်းကင်ဘုံမှာရှိပါတယ်” ဆိုပြီး တတိယလူကပြောပါတယ်။

“ကိုယ်တော်ဟာ ပြင်းထန်စွာသစ္စာရှိပါတယ်” ဆိုတာက အဲဒီနှစ်အတွက်တောစခန်းရဲ့ ဆောင်ပုဒ် ဖြစ်ပါတယ်။

ပြီးတော့ ‘ကာလက်’ အနေနဲ့၊သူ့အတွက်၊ “ကိုယ်တော်ဟာ အကောင်းဆုံးလက္ခဏာနဲ့ချစ်တော်မူသော ဘုရားဖြစ်ပါတယ်။ ကိုယ်တော်ကသဘောထားကြီးတယ်၊ အပြစ်ကိုခွင့်လွှတ်တယ်၊ငြိမ်းချမ်းမှုရှိတယ်၊သနားညှာတာတယ်” ဆိုပြီး ပြောခဲ့ပါတယ်။

ယောကျာ်းလေးတစ်ယောက်က၊ “ဒါဟာသိပ်ကြီးကျယ်တဲ့စကားပဲ” ဆိုပြီး တအံ့တသြထပြောတော့ ‘ကာလက်’ ပြုံးရွှင်ခဲ့ပါတယ်။

"ကိုယ်တော်ဟာ သင့်အတွက် အကောင်းဆုံးသူငယ်ချင်းထက်တောင် အမြဲရှိနေတဲ့သင်ဘုရားဖြစ်တယ်" ဆိုပြီး သူက ပြောခဲ့ပါတယ်။

ပြီးတော့၊ ယုံရခက်တဲ့ဖြစ်ရပ်ဝတ္ထုတစ်ခုဖြစ်တဲ့၊ ပြောင်လက်နေတဲ့ကောင်းကင်တမန်ရဲ့အတောင်ပံအကြောင်းကို သူပြောပြခဲ့ပါတယ်။ ဖြစ်ရပ်မှန်ဝတ္ထုက သူကထွင်ပြီးပြောတဲ့ပုံပေါ်နေခဲ့ပါတယ်။ 'ကာလက်' ဟာ ပြုံးရွှင်ခဲ့ပါတယ်။

"ကောင်းကင်တမန်တွေဟာလှပပြီး သပ်ရပ်မှုရှိတယ်"ဆိုပြီးသူက ပြောခဲ့ပါတယ်။

ယောကျ်ားလေးတွေက ဝိညာဉ်ရေးနဲ့ပတ်သက်ပြီးပြောခြင်ကြလို့ သူ့အနေနဲ့ ဝမ်းသာခဲ့ပါတယ်။ Polaris တောစခန်းရဲ့ ရည်မှန်းချက်က၊ အလက်စကားပြည်နယ်က ကလေးတွေထံမှာ ယေရှုရဲ့ချစ်ခြင်းမေတ္တာကို ဝေငှဖို့ပဲ ဖြစ်ပါတယ်။

ဘုရားရှိခိုးပြီးတဲ့အခါ၊ ယောကျ်ားလေး၄ယောက်တို့ဟာ ပုန်းအောင်းပြီးရှာတွေ့တဲ့ကစားနည်းကို ကစားခဲ့ကြပါတယ်။

ရှာတွေ့ပေမယ့် ယောကျ်ားလေးတွေက ဆင်ဝင်အောက်သို့ထွက်သွားကြပါတယ်။ အခြားကလေးတွေက တဲထဲမှာပုန်းအောင်းခဲ့ကြပါတယ်။ ၂ယောက်က နံရံကပ်ကုတင်အောက်မှာဝင်ပုန်းပြီး၊ အခြားတစ်ယောက်က နံရံပေါ်မှာချိတ်ထားတဲ့ကုတ်အင်္ကျီရဲ့အနောက်မှာ မတ်တတ်ရပ်ခဲ့ပါတယ်။ နောက်ဆုံးတစ်ယောက်က နံရံကပ်ကုတင်နဲ့ နံရံကြားက အက်ကြောင်းပေါ်မှာထိုင်ပြီး သူ့အိပ်ယာလိပ်နဲ့ သူ့ခေါင်းကိုအုပ်ခဲ့ပါတယ်။

၄၅ မိနစ်လောက် တူတူပုန်းတိုင်းကစားပြီး၊ ယောကျ်ားလေး၄ယောက်လုံး ကုတင်ပေါ်မှာအိပ်ပျော်ခဲ့ကြပါတယ်။ တစ်ယောက်က အိမ်ကိုသတိရနေခဲ့ပါတယ်။

"ကျွန်တော်အိမ်ကိုအရမ်းလွမ်းတယ်။ အိမ်ကိုသတိရရင်အိပ်လို့မရဘူး" ဆိုပြီး သူက ကာလက် ကိုပြောခဲ့ပါတယ်။

"သင့်အနေနဲ့ အိပ်ပျော်စရာမလိုဘူး။ လဲလျောင်းနေလိုက်ပါ"ဆိုပြီး ကာလက်ကပြောခဲ့ပါတယ်။

သူဟာလဲလျောင်းနေရင်း နောက်ဆုံးတော့အိပ်ပျော်သွားပါတယ်။

ကာလက် လည်းလဲလျောင်းခဲ့ပါတယ်။ အိပ်ပျော်ဖို့ ဟိုရွှေ့ဒီရွှေ့လုပ်ရင်းဝတ်ပြုချိန်မှာ ဝတ်ပြုချိန်မှာ သခင်ဘုရားအကြောင်းစဉ်းစားရင်း ဝိညာဉ်ရေးရာအကြောင်းပြောခဲ့တာကို ပြန်သတိရမိပါတယ်။ ကလေးတွေရဲ့နှလုံးသားထဲမှာ ဘုရားကအလုပ်လုပ်ခဲ့လို့ သူပြုံးရွှင်ခဲ့မိပါတယ်။

Polaris တောစခန်းမှာ တဲအသစ်နဲ့ရေချိုးခန်းတွေအတွက် ကူညီခဲ့ လွန်ခဲ့တဲ့၁၃ ပတ်က အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

ကာလက်နဲ့ သူ့တဲထဲက ယောကျ်ားလေးတွေဟာ ၂၀၁၅ ခုနှစ်မှာ အလှူငွေထည့်ဝင်ခဲ့တဲ့သူတွေအပေါ် အရမ်းကိုကျေးဇူးတင်နေကြပါတယ်။

ဒီ ၁၃ ပတ် ဥပုသ်နေ့အလှူငွေအားဖြင့် Alaska ပြည်နယ်၊ Bethel မြို့မှာ သြဇာလွှမ်းမိုးမှုဌာနတည်ထောင်ဖွင့်လှစ်ဖို့အတွက်နဲ့ ယေရှုရဲ့ချစ်ခြင်းမေတ္တာကိုဝေငှဖို့ ကူညီထောက်ပံ့သွားမှာဖြစ်တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

ဒီဇင်ဘာလ ၂၈ ရက်နေ့ ဥပုသ်နေ့မှာ၊ သင်တို့အနေနဲ့ အလှူငွေကိုရက်ရော စွာလှူဒါန်းကြဖို့ စီစဉ်နေကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။

---o---

## “အစဉ်ထာဝရရှိတဲ့ သူငယ်ချင်းစနစ်”

ဒီဇင်ဘာလ (၁၄)ရက်၊ တင်ပြသူ-Micah,Alaska ပြည်နယ်

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Alaska ပြည်နယ်က နွေရာသီတောစခန်းတစ်ခုမှာ ယောကျ်ားလေးတွေအတွက်အကြံပေးသူတစ်ဦးဖြစ်ရတာ Micah အတွက်စိတ်လှုပ်ရှားစရာပါ။

သူဟာ အသက် ၁၁ နှစ်အရွယ်ရှိပြီး၊“အိုရီဂန်” မြို့မှာနေထိုင်ပါတယ်။ သူ့ရဲ့ ဥပုသ်စာဖြေကျောင်းဆရာက၊ Alaska ပြည်နယ်မြော်လင့်ခြင်းအသင်းတော်ရဲ့ နွေရာသီတောစခန်းတစ်ခုမှာ၊ Polaris တောစခန်းကနေ ရပ်ဝေးသာသနာသတင်းတစ်ခုကိုဖတ်ပြခဲ့ပါတယ်။ အဲဒီဝတ္ထုတိုလေးဟာ ယေရှုမှာတန်ခိုးရှိကြောင်း၊သူတို့သိရှိတဲ့အတိုင်းတစ္ဆေကိုခြောက်လှန့်ခဲ့တဲ့ Alaska ပြည်နယ်သား ယောကျ်ားလေး အကြောင်းဖြစ်တယ်။

အဲဒီဝတ္ထုတိုလေးက Micah ကို ဆွဲဆောင်ခဲ့ပါတယ်။ သူ့အနေနဲ့အမေရိကန်နိုင်ငံမှာ တစ္ဆေကိုခြောက်လှန့်ပြီး သခင်ယေရှုကို မသိတဲ့ကလေးတွေ နေထိုင်မယ်လို့တစ်ခါမှ မစဉ်းစားခဲ့ပါ။ ၁၃ ပတ်ဥပုသ်နေ့ရောက်တဲ့အခါ၊ Polaris တောစခန်းက ကလေးတွေကို ကူညီထောက်ပံ့ဖို့ ဝမ်းသာစွာနဲ့အလှူငွေတွေကိုလှူဒါန်းခဲ့ပါတယ်။

Micah အနေနဲ့ နောက်(၆)နှစ်မှာ Polaris တောစခန်းကအလုပ်တွေကိုမသိသလောက်ဖြစ်ခဲ့တယ်။ သူသိတာကတော့၊ ယေရှုကိုမသိတဲ့Alaska ပြည်နယ်သားယောကျ်ားလေးတွေထံမှာ ကိုယ်တော့်အကြောင်းသက်သေခံဖို့ အခွင့်ရှိလိမ့်မယ်လို့သူသိရှိခဲ့ပါတယ်။

အဲဒီအတိုင်းပဲ တကယ်ဖြစ်ပျက်ခဲ့ပါတယ်။ ‘အိုကလာဟိုးမား’ အထူးပညာသင်ကျောင်းမှအသက် ၁၇ နှစ်အရွယ်ရှိတဲ့ ကျောင်းသား Micah ဟာနွေရာသီတောစခန်းမှာအကြံပေးသူအနေနဲ့အလုပ်လုပ်ဖို့ Alaska ပြည်နယ်သို့သွားခဲ့ပါတယ်။

ကလေးဘဝတုန်းက သူလှူဒါန်းခဲ့တဲ့ ၁၃ပတ် အလှူငွေရဲ့ကူညီထောက်ပံမှုဖြင့်တည်ဆောက်ခဲ့တဲ့ Polaris တောစခန်းက၊ တဲတစ်ဆောင်ထဲမှာ အသက်၁၀-၁၅ နှစ်အရွယ်ရှိတဲ့ ယောကျ်ားလေး(၆)ယောက်ကို အုပ်ချုပ်ဖို့သူ့ကိုတာဝန်ပေးခဲ့ပါတယ်။

တစ်ညနေမှာ၊Micah အနေနဲ့ တဲထဲမှာဘုရားရှိခိုးတဲ့အခါ ရောမ၈း၃၈-၃၉ ကိုဖွင့်ပြီး ဖတ်ပြခဲ့ပါတယ်။

“အကြောင်းမူကား. . . . . . . . . . .” ဆိုပြီးသူကဖတ်ရှုခဲ့ပါတယ်။

***(မှတ်ချက်-တင်ပြသူက အဲ့ဒီကျမ်းချက်ကိုကျမ်းစာအုပ်ဖွင့်ပြီးဖတ်ပြပါ)***

အပေါ်ဖက်သို့ ကြည့်ပြီး၊“သခင်ဘုရားက အစဉ်အမြဲကျွန်ုပ်တို့နဲ့အတူရှိတယ်၊ ကျွန်ုပ်တို့ရဲ့မိတ်ဆွေဖြစ်တယ်ဆိုတာ ဘယ်လိုသဘောရှိကြလဲ” ဆိုပြီး Micah ကမေး

ခဲ့ပါတယ်။

ယောကျ်ားလေးတွေက အဲဒီအမေးကို ခဏတာစဉ်းစားခဲ့ကြပါတယ်။ ယောကျ်ားလေးတစ်ယောက်က၊ "သခင်ယေရှုဟာ ကျွန်ုပ်တို့ရဲ့အစဉ်ထာဝရတည်ရှိတဲ့ သူငယ်ချင်းဖြစ်တယ်" ဆိုပြီး အသံစာစာနဲ့ ထပြောခဲ့ပါတယ်။

အခြားယောကျ်ားလေးတွေက ပြုံးရွှင်ခဲ့ကြပါတယ်။ Polaris တောစခန်းက ကလေးတစ်ယောက်တည်း ဘယ်နေရာမှမသွားရတဲ့ သူငယ်ချင်းစနစ်ကို စီမံခဲ့ပါတယ်။ ယောကျ်ားလေးတစ်ယောက်က တစ်နေရာရာသွားချင်ရင် တစ်ခြားတစ်ယောက်နဲ့အတူ သွားရမှာဖြစ်ပါတယ်။

သူကသူ့ရေပုလင်းကို အပြင်ပိုက်ကနေဖြည့်ချင်တယ်ဆိုရင်၊ သူငယ်ချင်းတစ်ယောက်နဲ့အတူသွားရမှာဖြစ်တယ်။ တဲထဲမှာတစ်စုံတစ်ခုမေ့ကျန်ခဲ့တယ်ဆိုရင် သူငယ်ချင်းနဲ့တဲထဲသို့ပြန်သွားရမှာဖြစ်ပါတယ်။ ယောကျ်ားလေးတွေက သူငယ်ချင်းစနစ်ကို အဲဒီတောစခန်းမှာ လေ့ကျင့်ခဲ့ကြပါတယ်။ ဒါပေမဲ့ ကျမ်းချက်က နေရာတိုင်းမှာသူတို့နဲ့အတူသွားတဲ့ပုဂ္ဂိုလ်ဟာ သခင်ယေရှုပဲဖြစ်တယ်ဆိုတာ အကြံပြုခဲ့ပါတယ်။

"အဲဒါမှန်ပါတယ်။ သခင်ယေရှုဟာကျွန်ုပ်တို့နဲ့ထာဝရတည်ရှိတဲ့ သူငယ်ချင်းဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ ဘာမှမဟုတ်ပေမဲ့ သခင်ယေရှုကကျွန်ုပ်တို့နဲ့အတူအစဉ်အမြဲတည်ရှိပါတယ်။ တစ်ချိန်ချိန်မှာ၊ သူငယ်ချင်းတစ်ယောက်ကို ရေချိုးခန်းထဲမှာမေ့ကျန်ခဲ့မိတယ်။ ဒါပေမဲ့ ယေရှုက ကျွန်ုပ်တို့ကိုမေ့ကျန်ခဲ့လိမ့်မယ်လို့ ကျွန်ုပ်တို့မစိုးရိမ်ပါနဲ့" ဆိုပြီး Micah က အံ့သြစွာ ပြောခဲ့ပါတယ်။

ယောကျ်ားလေးတွေက ပိုပြီးတော့ပျော်ရွှင်ခဲ့ပါတယ်။ သူတို့ဟာ သခင်ယေရှုက ထာဝရသူငယ်ချင်းဖြစ်တယ်ဆိုတဲ့အကြံကို နှစ်သက်ခဲ့ကြပါတယ်။

Micah အနေနဲ့ ယောကျ်ားလေးတစ်ယောက်ကို ဆုတောင်းဖို့တောင်းဆိုတဲ့အခါ တိတ်ဆိတ်နေကြပါတယ်။ တစ်ခြားယောက်ကျ်ားလေးတစ်ယောက်ကထပြီးတော့၊ "ကျွန်တော်ဆုတောင်းနေကြပါ။ ဒါပေမဲ့ ဆုမတောင်းတာကြာလို့ဘယ်လို့ဆုတောင်းရမှန်းမသိတော့ဘူး" ဆိုပြီး ရှက်ကိုးရှက်ကန်းနဲ့ ပြောခဲ့ပါတယ်။

Micah အနေနဲ့ "ယခုအချိန်မှာ၊ ကျွန်ုပ်တို့အတူတကွဆုတောင်းလို့ရပါတယ်။ သင်တို့ဆုတောင်းတဲ့အခါကျွန်တော် ကူညီလို့ရတယ်။ ကျွန်တော်ဆုတောင်းသလိုနောက်ကနေလိုက်ပြီးတောင်းပါ" ဆိုပြီး ပြောခဲ့ပါတယ်။

Micah က ဦးညွှတ်ပြီး၊ "ချစ်လှစွာသောသခင်ဘုရား၊ ဒီနေ့အတွက်ကျေးဇူးတင်ပါတယ်" ဆိုပြီးဆုတောင်းခဲ့ပါတယ်။ ယောကျ်ားလေးတွေကလည်း၊"ချစ်လှစွာသောသခင်ဘုရား၊ ဒီနေ့အတွက်ကျေးဇူးတင်ပါတယ်" ဆိုပြီး လိုက်ပြောခဲ့ကြပါတယ်။

"ဒီညမှာလုံလုံခြုံခြုံနဲ့ ကာကွယ်တော်မူပါ" "ကိုယ်တော်လုပ်ဆောင်ပေးခဲ့တဲ့ဘာမဆိုအတွက် ကျေးဇူးတင်ပါတယ်။"

အာမင်း. . . . အာမင်း. . .

အဲဒီနောက်မှာ၊ ယောကျ်ားလေးအားလုံးဟာ သူတို့ရဲ့နံရံကပ်ကုတင်ပေါ်က အိပ်ရာလိပ်ပေါ်မှာ ပူးကပ်နေခဲ့ကြပါတယ်။ ဆုတောင်းခဲ့တဲ့ယောကျ်ားလေးထံမှာ Micah သွားခဲ့ပြီး၊ "သင်ကသခင်ယေရှုကိုသူငယ်ချင်းလို စကားပြောတယ်နော်။ နေ့အချိန်မှာဖြစ်ပျက်ခဲ့တဲ့ အရာတွေကိုလည်းပြောပြပါနော်" ဆိုပြီး Micah က တိုတိုလေးပြောခဲ့ပါတယ်။

ယောကျ်ားလေးကလည်းခေါင်းညိတ်ခဲ့ပါတယ်။ Micah အနေနဲ့ကုတင်ဖက်သို့သွားခဲ့ရင်း ပျော်ရွှင်ခဲ့မိပါတယ်။ သခင်ယေရှုအကြောင်းဝေငှဖို့အတွက် နေ့တိုင်းဆုတောင်းခဲ့ပါတယ်။ အဲဒီညနေဟာ သူ့အတွက်ကြောက်ရွံ့ရိုသေတဲ့စိတ်ဖြစ်စေခဲ့ပါတယ်။

၂၀၁၅ ခုနှစ်၊ ၁၃ ပတ် ဥပုသ်နေ့အလှူငွေအားဖြင့် ပိုလာရစ်စ် တောစခန်းတိုးတက်မှုအတွက်ရေပန်းနဲ့ရေချိုးခန်းအသစ် အိမ်သာတွေကို ကူညီထောက်ပံ့ခဲ့တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

ဒီ ၁၃ ပတ်ရဲ့အလှူငွေတစ်ချို့အားဖြင့်၊အလက်စကားပြည်နယ် Bethel မြို့က အလက်စကားပြည်နယ်သားကလေးတွေထံသို့ သခင်ယေရှုရဲ့ချစ်ခြင်းမေတ္တာကို ဝေငှလို့ရပါတယ်။

ဒီဇင်ဘာလ ၂၈ ရက်နေ့ ဥပုသ်နေ့မှာ၊ ရက်ရောစွာနဲ့လှူဒါန်းဖို့ စီစဉ်နေကြတဲ့သင်တို့ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

---o---

## “စောင့်ကြည့်ရင်း ဆုတောင်းပါတယ်”

ဒီဇင်ဘာလ (၂၁)ရက်၊ တင်ပြသူ-Wes,Alasaka ပြည်နယ်၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Alasaka ပြည်နယ်က Polaris တောစခန်းမှာ သဘာဝလွန်ဆိုင်ရာတွေကို ဆွေးနွေးဖို့အတွက် တောစခန်းညွှန်ကြားရေးမှူးက ညနေခင်းမှာအရေးပေါ် ကော်မီတီ ပြုလုပ်ခဲ့ပါတယ်။ တောစခန်းရဲ့ အလုပ်မျိုးစုံကိုလုပ်နိုင်တဲ့ Wes ဟာ ဝန်ထမ်းတွေနဲ့ စကားပြောဖို့၊ ဆုတောင်းဖို့အတွက် ပါဝင်ခဲ့ပါတယ်။ တောစခန်းအကြံပေးသူတစ်ဦးအ နေနဲ့အလုပ်လုပ်နေတဲ့၊ သူ့ရည်းစား၊ Rachel က အခြားဝန်ထမ်းတွေထံမှာ Alasaka ပြည်နယ်သား မိန်းကလေး(၈)ယောက်တို့ကို ပြုစုစောင့်ရှောက်နေတဲ့တဲထဲမှ ထူးခြား တဲ့အဖြစ်အပျက်ကို ပြောပြခဲ့ပါတယ်။

မအိပ်ခင် ဆုတောင်းဝတ်ပြုပြီး မီးတွေပိတ်တဲ့အချိန်မှာ၊ ထူးခြားတဲ့အရာတွေ ဖြစ်ပျက်ခဲ့ပါတယ်။ မိန်းကလေးတွေအရမ်းကြောက်ပြီး အိပ်မက်ဆိုးတွေမက်ခဲ့ကြတယ်။

အရေးပေါ် ကော်မီတီအဆုံးသတ်ပြီးတဲ့အခါ၊ ဝန်ထမ်းတွေနဲ့အတူတကွဆု တောင်းပြီး အိပ်ရာဝင်ခဲ့ကြပါတယ်။

Wes သူ့တဲရောက်တဲ့အခါမှာ ည ၁၁ နာရီထိုးခါနီးနေပါပြီ။

“အခုက မအိပ်ပဲဆုတောင်းရင်းစောင့်ကြည့်နေဖို့ပဲဖြစ်တယ်” ဆိုပြီး သူကစဉ်း စားခဲ့ပါတယ်။

Wes ဟာ သူ့တဲကနေ ၁၃ ပတ်အလျှငွေနဲ့ဆောက်ခဲ့တဲ့ ရေချိုးခန်းအသစ် တိုက်တန်းလျားစီသို့ သွားခဲ့ပါတယ်။

ရေချိုးခန်းရဲ့အနောက်မှာ၊ သူထိုင်ခဲ့ပြီး သူ့ရည်းစားအတွက်၊သူတို့ရဲ့တဲအတွက် ဆုတောင်းလိုက်ပါတယ်။

“အိုး၊ သခင်ဘုရား Rachel ရဲ့တဲကို ကောင်းကင်တမန်တွေဝန်းရံထားဖို့ကျွန် တော်ဆုတောင်းပါတယ်။ ဒီတောစခန်းမှာလာနေတဲ့သူတွေပျော်ရွှင်ဖို့နဲ့၊ ကိုယ်တော်ကို သိရှိဖို့၊ နတ်ဆိုးရဲ့ဩဇာလွှမ်းမိုးမှုမှ ဖယ်ရှားပေးပါ” ဆိုပြီး သူက ဆုတောင်းခဲ့ပါတယ်။

၁၅ မိနစ်လောက်ပဲ ဆုတောင်းခဲ့ပါတယ်။ တစ်ခါမှ အဲ့လောက်ကြာကြာဆုမ တောင်းခဲ့ပါ။ ဒါပေမဲ့ သူမနားချင်သေးပါ။ ဆုတောင်းဖို့ မလိုတော့တဲ့အချိန်အထိစောင့် ကြည့်ပြီး၊ ဆုတောင်းဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

“အိုအဖဘုရား၊ Rachael ရဲ့တဲထဲသို့ နတ်ဆိုးတွေမဝင်အောင် ကာကွယ်တော် မူပါ။

သူ့အနေနဲ့ မိနစ် ၂၀လောက်ဆုတောင်းခဲ့ပါတယ်။ ပြီးတော့ လူတစ်ဖွဲ့တဲသို့ လမ်းလျှောက်လာတဲ့အသံကို သူကြားခဲ့ရပါတယ်။ ဆက်ပြီးတော့ ဆုတောင်းခဲ့ပါတယ်။

အဲဒီနောက် လူတစ်ဖွဲ့စက်လှေနားသို့သွားတာ တွေ့ခဲ့ရပါတယ်။ သူ့အနေနဲ့ ထပြီးတော့ ကူညီမစဖို့သွားခဲ့ပါတယ်။ မိန်းကလေးတစ်ယောက်နေမကောင်းလို့ မြို့ထဲက ဆေးရုံသို့ပို့ဆောင်ဖို့ လိုအပ်ခဲ့ပါတယ်။

Wes ဟာ အရေးပေါ် ဆေးဖက်ဆိုင်ရာ သင်တန်းတက်ခဲ့ပါတယ်။ ဒါကြောင့် မိန်းကလေးကိုဆေးရုံသို့ပို့ဖို့ သူနဲ့အခြားဝန်ထမ်းငါးဦးကစက်လှေပေါ် သို့တက်ခဲ့ကြပါ တယ်။ သူ့အနေနဲ့စောင့်ကြည့်နေခဲ့ပြီး၊ ဆုတောင်းရင်းကူညီနိုင်ခဲ့တဲ့အတွက် အရမ်းဝမ်း သာခဲ့မိပါတယ်။

မိန်းကလေးကို ဆေးရုံပို့ပြီးတဲ့နောက်၊ Wes နဲ့ အခြားဝန်ထမ်းတွေဟာ စက် လှေစခန်းသို့ ပြန်လာခဲ့ကြပါတယ်။ အဲဒီအချိန်ဟာ မနက်ပိုင်း ၂နာရီထိုးနေပါပြီ။ညရဲ့ ကောင်းကင်ယံဟာမှောင်မဲနေပြီး၊ စက်လှေရဲ့ ဆိုနာကိုလည်းအသုံးပြုလို့မရခဲ့ပါ။ အိုင် ထဲမှာ တိမ်တဲ့နေရာရှိသလိုသဲသောင် ဒါမှမဟုတ်၊ ကျောက်ဆောင်ကိုတိုက်မိဖို့ အန္တရယ် ရှိနေပါတယ်။

Wes နဲ့အတူစက်လှေပေါ် ကလူတွေဆုတောင်းခဲ့ကြပါတယ်။ GPS ကြောင့် တောစခန်းသို့သတိထားပြီး မောင်းနှင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်းအရှိန်လျော့ လာခဲ့ပါတယ်။ ဘယ်သူမှဘာမှမတွေ့ရတော့ပါ။ မှောင်မဲနေလို့ ကမ်းကပ်လို့မရခဲ့ပါ။

Wes နဲ့ လူတွေအားလုံးစက်လှေပေါ် မှာဆုတောင်းခဲ့ကြပါတယ်။

ချက်ချင်းပဲ၊ တောစခန်းရဲ့အလယ်မှာ အလင်းရောင်ပေါ် လာပါတယ်။ အရမ်း တောက်ပပြီး ဖြူစင်တဲ့အလင်းရောင်က မျက်စိကျိန်းလောက်အောင်ဖြစ်နေတဲ့ ရောင် ခြည်ဟာ စခန်းအပေါ် မှာထွန်းလင်းနေခဲ့ပါတယ်။ Wes နဲ့ လူတိုင်းက ယောက်ျားလေး တွေရဲ့တဲတွေ၊ မိန်းကလေးတွေရဲ့တဲတွေ ရေချိုးခန်းတိုက်တန်းလျားတွေကို မြင်တွေ့ခဲ့ ကြပါတယ်။ ကမ်းခြေနဲ့ရေကိုလဲ သူတို့တွေ့ထိလို့ရခဲ့ပါတယ်။

ဝန်ထမ်းတစ်ဦးက အလင်းဖက်သို့စက်လေကိုမောင်းနှင်ခဲ့ပြီး ကမ်းခြေသို့ကပ် လို့ရခဲ့ပါတယ်။

ခြောက်နေတဲ့ မြေပေါ် မှာ၊ စက်လှေနဲ့ပါလာတဲ့သူတွေကဘယ်ကနေအလင်းရ သလဲလို့ လိုက်လံကြည့်ရှုခဲ့ကြပါတယ်။ အလင်းစီစဉ်ပေးတဲ့သူအပေါ် မှာ သူတို့ကကျေး ဇူးတင်ခဲ့ကြပါတယ်။ ဒါပေမဲ့ အလင်းကွယ်ပျောက်ခဲ့ပြီး၊ စခန်းကပြန်ပြီးမှောင်သွားပါ တယ်။ စခန်းက လူတိုင်းအိပ်ပျော်သွားခဲ့ကြပါတယ်။

နောက်တစ်နေ့မနက်မှာ၊ Wes နဲ့လှေပေါ် ပါလာတဲ့သူတွေက ဘယ်သူအလင်း ထွန်းလင်းသလဲဆိုတာ ရှာဖို့ကြိုးစားပေမဲ့ ဘယ်သူမှမသိကြပါ။ လူတိုင်းကသူတို့အိပ် ပျော်နေတယ်လို့ပဲ ပြောခဲ့ကြပါတယ်။ Wes အနေနဲ့တော့ ကောင်းကင်တမန်တစ်ပါးက စခန်းသို့ပြန်ရောက်တဲ့အထိ၊ လမ်းပြတာဖြစ်တယ်လို့ ထင်ခဲ့မိပါတယ်။

ယခုအချိန်မှာ၊ Polaris တောစခန်း ညွှန်ကြားရေးမှူးဖြစ်တဲ့ Wes အနေနဲ့

Rachel နဲ့အိမ်ထောင်ပြုခဲ့ပါတယ်။ အဲ့ဒီညမှာ ဆုတောင်းရင်းစောင့်ကြည့်ရင်းနဲ့ သင်ခန်းစာတစ်ခုရရှိခဲ့ပါတယ်။

"သခင်ဘုရားက စခန်းကိုလာရောက်သူတွေ အကူအညီလိုအပ်တဲ့အခါ ကူညီဖို့ ကျွန်တော့ကိုအသုံးပြုခဲ့ပါတယ်။ ဆုတောင်းရင်းစောင့်ကြည့်ရင်း၊ ကျွန်တော့ယုံကြည်ချက်ကြောင့် ကျွန်တော်ဟာအသုံးပြုလို့ရတာဖြစ်ပါတယ်။ အခြေအနေကိုဖြေရှင်းဖို့ ကောင်းကင်တမန်တစ်ပါးရဲ့ အကူအညီနဲ့ကျွန်တော်ကူညီခဲ့ပါတယ်" ဆိုပြီး သူကပြောခဲ့ပါတယ်။

၂၀၁၅ ခုနှစ်၊ ၁၃ ပတ် ဥပုသ်နေ့အလှူငွေအားဖြင့် ပိုလာရစ်စ် တောစခန်းတိုးတက်မှုအတွက်ရေပန်းနဲ့ရေချိုးခန်းအသစ် အိမ်သာတွေကို ကူညီထောက်ပံ့ခဲ့တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

အထူးသဖြင့် Alasaka ပြည်နယ်သားတွေအတွက်၊ မြော်လင့်ခြင်းအသင်းတော်ရဲ့တစ်ခုတည်းသော တောစခန်းအတွက် ကျေးဇူးပြုပြီးဆုတောင်းပေးကြပါ။

ဒီစခန်းကို နတ်ဆိုးတွေ စိတ်ဝင်စားကြပါတယ်။ ကလေးတွေရဲ့ကောင်းမှုအတွက် သန့်စွမ်းတဲ့ကျွန်ုပ်တို့ရဲ့ဩဇာလွှမ်းမိုးမှုကြောင့် သူကပိုပြီးဂရုစိုက်တယ်လို့ခံစားရပါတယ်" ဆိုပြီး Wes က ပြောခဲ့ပါတယ်။

---o---

# "၁၃ ပတ် ဥပုသ်တော်နေ့ အစီအစဉ်"

နှုတ်ခွန်းဆက်စကား - ဥပုသ်စာဖြေကျောင်းခေါင်းဆောင်
အဖွင့်သီချင်း - "သင့်အတွက် ငါသက်ပေးပြီကျူး" မြန်မာ-၈၁၊ CH-567
အဖွင့်ဆုတောင်း -
အစီအစဉ် - "အလိမ်ခံခဲ့တယ်"
အလှူငွေကောက်ခံခြင်း -
အပိတ်သီချင်း - "မိုးပွင့်ထက်သာ ဖြူစင်စေကျူး" မြန်မာ-၁၀၈၊ CH-592

## "အလိမ်ခံခဲ့တယ်"

ဒီဇင်ဘာလ(၂၈)ရက်၊ တင်ပြသူ-ဂျိုစဖင်း၊အလက်စကားပြည်နယ်၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

Alasaka ပြည်နယ် Togiak ကျေးရွာက "ဂျိုစဖင်းနဲ့အမ်လီ"တို့ဟာ နွေရာသီတစ်ညနေတွင်၊ ဖုန်ထနေတဲ့လမ်းမပေါ်မှာ လမ်းလျှောက်ခဲ့ကြပါတယ်။

ည ၇ နာရီဆိုပေမဲ့၊ ကောင်းကင်မှာနေကိုမြင်ရပါသေးတယ်။ ညသန်းခေါင်အထိနေမဝင်ခဲ့ပါ။

နွေရာသီမှာ ကလေးတွေအတွက် အလုပ်သိပ်မရှိခဲ့ပါ။

မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းရှေ့မှာ ရပ်ပြီးတော့၊ "ကြည့်ပါဦး၊ ဒီဘုရားကျောင်းမှာနွေရာသီကျမ်းစာကျောင်းရှိတယ်။ ကျွန်မသွားချင်တယ်" ဆိုပြီး အသက် ၁၂ သာရှိတဲ့ အမ်လီက အံ့သြစွာပြောခဲ့ပါတယ်။

သူ့အတွက်တော့၊ နွေရာသီကျမ်းစာကျောင်းဟာ ကျမ်းစာထဲကစိတ်ဝင်စားစရာကောင်းတဲ့ဖြစ်ရပ်မှန်တွေ၊ အရသာရှိတဲ့ အဆာပြေစားစရာတွေ ဖြစ်ခဲ့ပါတယ်။ များသောအားဖြင့် နွေရာသီအချိန်မှာ ကလေးတွေအတွက် အလုပ်မရှိတော့ လုပ်စရာရှိတဲ့ တစ်နေရာလို့ ပြောချင်တာဖြစ်ပါတယ်။

အမ်လီ အနေနဲ့ အသက် ၁၇ နှစ်သာရှိတဲ့သူ့အစ်မ လက်ကိုဆွဲပြီး၊ "လာစမ်းပါဦး" ဆိုပြီး အသနားခံခဲ့ပါတယ်။

ဒါပေမဲ့ ဂျိုစဖင်း အနေနဲ့အလုပ်မရှိပေမဲ့၊ "နွေရာသီကျမ်းစာကျောင်းမှာကျွန်မ မသွားချင်ပါဘူး" ဆိုပြီး ပြောခဲ့ပါတယ်။

ကျမသွားခြင်တယ် ဆိုပြီး အမ်လီက ထပ်ပြီးပြောပေမဲ့၊ "ကျွန်မတော့မသွား ခြင်ဘူး၊ အခြားဟာလုပ်ချင်တယ်" ဆိုပြီး အစ်မက အမိန့်အာဏာနဲ့ပြန်ပြောခဲ့ပါတယ်။

အမ်လီဟာ အရမ်းဝမ်းနည်းခဲ့ပါတယ်။ အဲဒီအငြင်းအခုံကို အနိုင်ရဖို့သူမက ဆုံးဖြတ်ပြီး၊ ဘယ်လိုလုပ်ရမယ်ဆိုတာ သူမက သိခဲ့ပါတယ်။

"ကျွန်မမသွားဘူးဆိုရင် သကြားထန်းလျက်ချောင်း ဝေစုရမှာမဟုတ်ဘူးနော်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ဂျီစဖင်း အနေနဲ့သူ့ညီမကို စိုက်ကြည့်ခဲ့ပါတယ်။ သူမှာ ငုံဖို့ဆေးရွက်မရှိတော့ လို့ ဘယ်မှာရှာရမှန်းသူမသိခဲ့ပါ။ သူမအနေနဲ့ဘုရားကျောင်းဖက်ကို ကြည့်ပြီး၊ အမ်လီ ကငုံဖို့ဆေးရွက်ကို ဝေစုမပေးခဲ့သော်၊ စိတ်တိုပြီးဘယ်လိုနေရမလဲလို့စဉ်းစားမိခဲ့ပါတယ်။

"ကောင်းပါတယ်။ သွားကြရအောင်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ဒါကြောင့်မို့ မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းထဲမှာ ပထမအကြိမ် ဝင်ဖို့ ဂျီစဖင်း အနေနဲ့အလိမ်ခံခဲ့ရတာ ဖြစ်ပါတယ်။

သူမက နောက်ဆုံးခုံမှာ ထိုင်ခဲ့ပြီး၊ အမ်လီအနေနဲ့ အရှေ့က ကလေးအ ယောက် ၂၀ ရဲ့ လှုပ်ရှားမှုမှာ ပါဝင်ခဲ့ပါတယ်။

မကြာခင်မှာပဲ၊ အသင်းအုပ်ဆရာက ဂျီစဖင်းထံမှာလာပြီး၊ မိမိကိုယ်ကိုပါစတာ Chad ဖြစ်ကြောင်း မိတ်ဆက်ခဲ့ပါတယ်။

ဂျီစဖင်း ဟာ အခြားကလေးတွေထက် အသက်ကြီးတာကိုသိလို့ သူမအနေနဲ့ အရသာရှိတဲ့အဆာပြေအစားအစာတွေနဲ့ နွေရာသီကျမ်းစာကျောင်းလှုပ်ရှားမှုအတွက် ပစ္စည်းတွေပြင်ဆင်ရာမှာ၊ ပါဝင်ကူညီလို့ရမလားဆိုပြီး၊ ပါစတာကတောင်းဆိုခဲ့ပါတယ်။ ဂျီစဖင်း အနေနဲ့လည်း သဘောတူခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာ၊ သူမနဲ့ အမ်လီတို့ဟာ နွေရာသီကျမ်းစာကျောင်းသို့ညနေ တိုင်း ၇ နာရီမှာ ရောက်လာကြပါတယ်။

နွေရာသီကျမ်းစာကျောင်းပိတ်ခါနီးမှာ၊ ဂျီစဖင်း ကိုပါစတာက ကလေးတွေရဲ့ နွေရာသီစခန်းသို့သွားဖို့ ခေါ်ဖိတ်ခဲ့ပါတယ်။ အဲဒီနေရာရောက်ဖို့ လေယာဉ်ပျံစီးရမဲ့ အပြင်၊ ဘတ်စ်ကားစီးပြီး၊ စက်လှေနဲ့တစ်ဆင့် သွားရမှာဖြစ်ပါတယ်။

အဲဒီအကြံကို သူမက နှစ်သက်ခဲ့ပါတယ်။ သူ့အသက်က ၁၇ နှစ်ဖြစ်လို့ ကလေးတွေရဲ့ တောစခန်းမှာ သူမသာအသက်ကြီးကြောင်း သိနေခဲ့ပါတယ်။

"ပြဿနာမရှိပါဘူး။ တောစခန်းမှာအလုပ်ကူလုပ်ချင်ပါသလား" ဆိုပြီး ပါစ တာက ပြောခဲ့ပါတယ်။

ဂျီစဖင်းအနေနဲ့ အလုပ်ကူလုပ်နိုင်မှာဖြစ်လို့ အရမ်းဝမ်းသာခဲ့ပါတယ်။

အကြံဉာဏ်ပေးသူတစ်ဦးအနေနဲ့ Polaris တောစခန်းသို့ သူမ သွားခဲ့ပါတယ်။ သူမအနေနဲ့ ကွဲပြားခြားနားတဲ့ ကျေးရွာတွေကနေလာတဲ့ အလက်စကားပြည်နယ်သား မိန်းကလေးတွေကို တဲထဲမှာကြည့်ရှုတဲ့ တောစခန်းအကြံပေးသူကို ကူညီခဲ့ပါတယ်။ သူမအနေနဲ့ တောစခန်းအတွင်းမှာသခင်ယေရှုအကြောင်း အများကြီးသိခဲ့ရပါတယ်။

ဂျိုစဖင်းအနေနဲ့ နွေရာသီတောစခန်းကို အရမ်းသဘောကျပြီး၊ တစ်နှစ်ပြီးတစ်နှစ်သွားခဲ့ပါတယ်။ တောစခန်းကြားကာလမှာ သူ့ဇာတိမြော်လင့်ခြင်းအသင်းတော်ရှိဘုရားကျောင်းသို့ သွားတက်ခဲ့ပါတယ်။ သူ့နှလုံးသားထဲမှာခရစ်တော်ရဲ့ မေတ္တာဟာတိုးပွားလာပြီး၊ ဆေးရွက်ကိုလည်း ယေရှုရဲ့မစမှုဖြင့်ဖြတ်ခဲ့ပါပြီ။ သူမအနေနဲ့ သခင်ယေရှုထံမှာ သူ့နှလုံးသားကို ဆက်ကပ်ပြီး ရေနှစ်ခြင်းခံခဲ့ပါတယ်။

ယခုအချိန်မှာ၊ ဂျိုစဖင်းအနေနဲ့ Polaris တောစခန်းမှာ အလုပ်လုပ်နေတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။

နှစ်တိုင်းပဲ၊ သူ့ရွာက ကလေး ၇-၁၀ ယောက်ကို တောစခန်းသို့ခေါ်ဆောင်လာခဲ့ပါတယ်။ ကလေးတွေအနေနဲ့နွေရာသီမှာအလုပ်မရှိကြပါ။ သူတို့အထဲကတစ်ချို့ဟာ တောစခန်းမှာငုံဖို့ဆေးရွက် မရှိတော့လို့စိတ်တိုပြီး၊ကသိကအောင့်ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့၊ ဂျိုစဖင်းလို ကလေးတွေကတောစခန်းမှာ ယေရှုအကြောင်းသိရပြီး၊ ဆိုးတဲ့အကျင့်တွေကိုဖယ်ရှားပစ်ဖို့ ကိုယ်တော်ကမစလို့ရတာကို လေ့လာသိရှိခဲ့ရပါတယ်။ သူတို့အိမ်ပြန်သွားတဲ့အခါ၊ ယေရှုနဲ့အသက်ရှင်ရတာဟာ ငြီးငွေ့စရာမရှိပဲ၊ ကိုယ်တော်အတူပါရှိခြင်းအားဖြင့် ဘာမဆို သူတို့လုပ်နိုင်တယ်ဆိုတာ သူသိရှိခဲ့ကြပါတယ်။

ဂျိုစဖင်းရဲ့ညီမကို အသင်းတော်သို့တစ်ကြိမ်ပို့ဆောင်ခဲ့သလို၊ ဂျိုစဖင်းအနေနဲ့ ယခုအချိန်မှာ ကလေးတွေကိုအသင်းတော်ထဲသို့ ခေါ်ဆောင်နေပါတယ်။ ကလေးတွေလာဖို့အတွက် သူမအနေနဲ့လိမ်ညာမှုကို အသုံးပြုစရာမလိုတော့ပါ။ သူမအနေနဲ့ဆုတောင်းပြီးတော့ Polaris တောစခန်းသို့ သူတို့ကိုခေါ်ဖိတ်ခဲ့ပါတယ်။

Polaris တောစခန်းက အပြန်အလှန်ဆွေးနွေးမှုတစ်ခုမှာ၊"ကလေးတွေနဲ့အလုပ်လုပ်ရတာကျွန်မနှစ်သက်ပါတယ်။ ကျွန်မအနေနဲ့ ကောင်းတဲ့မိတ်ဆွေတွေအများကြီးရခဲ့ပါတယ်။ Polaris တောစခန်းက ရှေ့ဆက်ပြီးကြည့်ရမယ့်အရာတွေကို ကျမကိုပေးပါ" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

အလက်စကားပြည်နယ်၊ Dillingham မြို့ကြီးနားက အိုင်တစ်အိုင်ပေါ်မှာ တည်ရှိတဲ့ Polaris တောစခန်းဟာ၊ အထူးသဖြင့် Alasaka ပြည်နယ်သားကလေးတွေအတွက်၊ မြော်လင့်ခြင်းအသင်းတော်ရဲ့ တစ်ခုတည်းသော နွေရာသီတောစခန်းဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ ၁၃ ပတ် ဥပုသ်နေ့အလှူငွေတစ်ချို့အားဖြင့် ပိုလာရစ်စ် တောစခန်းတိုးတက်မှုအတွက် ရေပန်းနဲ့ရေချိုးခန်းအသစ်၊တဲအသစ် အိမ်သာတွေအတွက် ထောက်ပံ့ခဲ့တာကို အထူးကျေးဇူးတင်ပါတယ်။

ယခုအချိန်မှာ၊ ကျွန်ုပ်တို့အနေနဲ့ အလက်စကားပြည်နယ်မှာ အခြား၁၃ပတ် ဥပုသ်နေ့အလှူငွေအားဖြင့် သခင်ယေရှုရဲ့ချင်ခြင်းမေတ္တာကို ဝေငှဖို့အခွင့်အလမ်းရှိပါတယ်။ ဒီအချိန်မှာ ၁၃ပတ် ဥပုသ်နေ့စီမံကိန်းထဲက တစ်ခုဖြစ်တဲ့ Alasaka ပြည်နယ်၊Bethel မြို့က၊ အလက်စကားပြည်နယ်သား ကလေးတွေထံသို့ ဧဝံဂေလိသတင်းစကားကို ဩဇာလွှမ်းမိုးမှုဌာနအားဖြင့် ဝေငှလို့ရအောင် ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

ဒီနေ့၊ ဒီဇင်ဘာလ (၂၈)ရက်နေ့၊ ဥပုသ်နေ့မှာ သင်တို့အနေနဲ့ ရက်ရောစွာလှူဒါန်းကြမယ့် ၁၃ ပတ် ဥပုသ်နေ့အလှူငွေအားဖြင့် St. Louis မြို့၊Missouri မြို့၊ မေရီလန်းပြည်နယ်၊ Baltimore မြို့တွေက ပြင်ပသာသနာလုပ်ငန်းစီမံကိန်းတွေမှာ ကူညီထောက်ပံ့သွားမှာဖြစ်လို့ အထူးကျေးဇူးတင်ပါတယ်။

သင်တို့အားလုံးအပေါ် ဘုရားသခင်ရဲ့ မရည်တွက်နိုင်သော ကောင်းကြီးမင်္ဂလာများ များစွာသွန်းလောင်းချပေးပါစေသော. . . ။

---o---